ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ စနေနေ့၊ (27-2-2016) (၈၄၈၉)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြစ်သာမြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်နေမှုအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တာဝန်ရှိသူများနှင့်အတူ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာပြီး ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးမြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ထွက်ခွာပြီး ကလေးမြို့နယ် ကျီကုန်းကျေးရွာအနီးရှိ မြစ်ကျဉ်း(၂) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က မြစ်သာမြစ် ရေစီးရေလာကောင်းမွန်စေရန် စက်ယန္တရားများအသုံးပြု၍ မြစ်ကျဉ်းများနှင့် သဲသောင်များ ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

**'ကလေးမြို့နှင့် ကလေးဝမြို့အကြား မြစ်သာမြစ်အတွင်းသို့ နေရဉ္စရာမြစ် စီးဝင်ပေါင်းဆုံသည့်နေရာ၏ အောက်ဘက်ရှိ မြစ်သာမြစ်ပေါ်မှ ရေစီးရေလာအဟန့်အတားဖြစ်စေသော မြစ်ကျဉ်း(၃)ခုနှင့် သဲသောင်ခုံ(၂)ခုတို့အား ချဲ့ထွင်တူးဖော်နိုင်ခြင်းဖြင့် မိုးရာသီတွင် မြစ်သာမြစ်အတွင်း စီးဝင်ရေများအား ကောင်းစွာစီးထွက်နိုင်စေပြီး ရေကြီးရေလျှံမှုမှ ကင်းဝေးစေနိုင်'**

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် မြစ်သာမြစ် ရေစီးရေလာကောင်းမွန်စေရန် စက်ယန္တရားများ အသုံးပြု၍ မြစ်ကျဉ်းများနှင့် သဲသောင်များ ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





ကြေးမုံ စာတည်းအာဘော် ၂၇-၂-၂၀၁၆၊ စနေနေ့

# ရာသီဥတုပြောင်းလဲမှု သင်သတိပြု

ယခုတပို့တွဲလကိုကျော်လွန်၍ တပေါင်းလသို့ရောက်တော့မည်ဖြစ်သည်။ တပေါင်းပြီးလျှင် တန်ခူးလသို့ရောက်ပြီး အတာသင်္ကြန်ပွဲတော်နှင့် ကြုံတွေ့ကြရဦးမည်ဖြစ်သည်။ ပြီးလျှင် တန်ခူး၊ ကဆုန် ဆွေ့ဆွေ့ခုန်သည့် ပူပြင်းသောလကို ဖြတ်သန်းကြရဦးမည်ဖြစ်သည်။ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန် နွေလေးလသည် မြန်မာနိုင်ငံအဖို့ ပူပြင်းသောနွေကာလသာဖြစ်သည်။

သို့သော် ယခုနှစ်နွေကာလသည် ယခင်နှစ်များနှင့်မတူ တစ်မူထူးကဲ ပူပြင်းမည့် အယ်လ်နီညိုနှစ်ကာလဖြစ်၍ အပူဒဏ်ကို ပြည်သူများ အထူးသတိထားကြရမည်ဖြစ်သည်။ ယခုအခါ ဖေဖော်ဝါရီလလယ်လောက်မှစတင်၍ မြန်မာနိုင်ငံ၏ဒေသအချို့၊ အထူးသဖြင့် မိုးခေါင်ရေရှားရပ်ဝန်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် အယ်လ်နီညိုရာသီဥတု အကျိုးဆက်ကြောင့် ရေရှားပါးပြတ်လပ်မှုများနှင့် စတင်ကြုံတွေ့နေရပြီဖြစ်သည်။

ရာသီဥတုဖောက်ပြန်မှုနှင့် အယ်လ်နီညိုဖြစ်စဉ်နှစ်ခုတို့ ပေါင်းဆုံမိသောအခါ ဆိုးရွားသည့်ရာသီဥတုပုံစံကို ကြုံတွေ့ရမည်မှာ အမှန်ဖြစ်သည်။ ယမန်နှစ်က မြန်မာနိုင်ငံရှိကျေးရွာပေါင်း လေးရာကျော် ရေရှားပါးမှုကြုံတွေ့ခဲ့ရသည်။ ယခုနှစ်တွင် အဆိုပါဖြစ်စဉ်နှစ်ခုကြောင့် ရေရှားပါးမှုနှင့် ကြုံတွေ့ရမည့် ကျေးရွာများမှာ ထို့ထက်မက များပြားလိမ့်မည်ဖြစ်သည်။ ရေရှားပါးမှုနှင့်အတူ အပူဒဏ်အန္တရာယ်ကိုလည်း အထူးသတိပြုဖို့လိုသည်။

ယခုအခါ အယ်လ်နီညိုရာသီဥတုအကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများက မဖြစ်ခင်က ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ထို့အပြင် လွှတ်တော်တွင်လည်း အယ်လ်နီညိုရာသီဥတုကို အရေးကြီးအဆိုအဖြစ်တင်သွင်းပြီး လုပ်ဆောင်ဖွယ်ရာများနှင့် ရှောင်ရှားဖွယ်ရာများကို အကြံပြုသုံးသပ် ပြောကြားနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများတွင် ကြုံတွေ့ရမည့် အယ်လ်နီညိုနှစ်သည် နှစ်ပေါင်းတစ်ရာအတွင်း အပြင်းထန်ဆုံး ရာသီဥတုဖောက်ပြန်မှုဖြစ်သောကြောင့် အဆိုပါအယ်လ်နီညိုကို ဂေါ်ဇီလာအယ်လ်နီညိုဟုပင် မိုးလေဝသပညာရှင်က တင်စားခေါ်ခဲ့သည်။ ခန့်မှန်းချက်အရ မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ အပူလွန်ကဲခြင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများအဖြစ် စီးပွားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ မီးဘေးစသည်တို့ကို ကြုံတွေ့နိုင်သည်ဟု ဆိုထားသည်။

အယ်လ်နီညိုရာသီဥတုဆိုင်ရာအရေးကိစ္စသည် မြန်မာတစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးကိစ္စဟုပင် ဆိုရမည်။ ထို့ကြောင့် အပူဒဏ်ကာကွယ်ရေး၊ ရေရှားပါးမှုမကြုံတွေ့ရေးတို့ကို အမျိုးသားရေးအသွင်ဖြင့် အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် အရေးကြီးသည်မှာ တန်ခူးလတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေသဘင်ပွဲတော် ဆင်နွှဲမည်ဖြစ်၍ အပူဒဏ်နှင့်တန်ဖိုးကြီးသောရေကို အလဟဿဆုံးရှုံးမှု မဖြစ်စေအောင် အထူးသတိပြုစီမံရမည်ဖြစ်သည်။

ယခုတပို့တွဲ၊ တပေါင်းလတွင် အချို့ဒေသများ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ အပူဒဏ်ကာကွယ်ရေးတို့အတွက် ပညာပေးနှိုးဆော်မှု၊ ကြိုတင်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိနေသော်လည်း မန္တလေးမြို့တွင် ရေသဘင်ပွဲဆင်နွှဲရန် ယခုလိုအခြေအနေမျိုးတွင် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ရန်အတွက် ဖိတ်ခေါ်နေသည်ကို ကြားသိရသဖြင့် ကာလဒေသအဆီအလျော်မတည့်သည့် လုပ်ဆောင်မှုကိုတွေ့လိုက်ရသည်။

ရာသီကာလပွဲလမ်းသဘင်ကို အချိန်ကာလအလိုက်လုပ်ဆောင်ရမည်ဖြစ်သော်လည်း ယခုကဲ့သို့ပူပြင်းသော အချိန်ကာလနှင့်ရေရှားပါးမှုနှင့်ကြုံတွေ့နေရချိန်တွင် အဆိုပါ အပျော်အပါးအရေးထက် အများပြည်သူကြုံတွေ့လာရမည့်အရေးကို ပိုမိုအလေးထားလုပ်ဆောင်သင့်ပေသည်။ ယခုနှစ်သည် ယခင်နှစ်နှင့်မတူသည့် အပူဒဏ်ကို ပြင်းထန်စွာခံစားရမည့်နှစ်ဖြစ်၍ အပူဒဏ်ခံရမည့်ကိစ္စများ၊ ရေပြုန်းတီးမည့်ကိစ္စများကို လျှော့ချသင့်ပေသည်။

သို့ဖြစ်ရာ ယခုနှစ်သည် ရာသီဥတုဖောက်ပြန်မှုနှင့် အယ်လ်နီညိုရာသီဥတုတို့ ထပ်ဆင့်ကြုံတွေ့ရသောနှစ်ဖြစ်၍ အပူဒဏ်ကာကွယ်ရေး၊ ရေရှားပါးမှုမှ လျော့နည်းသက်သာရေးအတွက် နေရာတိုင်းနေရာတိုင်း၊ လူတိုင်းလူတိုင်း အမျိုးသားရေးအသွင်ဖြင့် ဝိုင်းဝန်းလုပ်ဆောင်သင့်သည်ဟု ရှုမြင်ပါသည်။ ။

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့်စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၂၆-၂-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ ၁၀ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ သတင်းစာထုတ်ဝေခွင့်တစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့်ငါးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၉ ဦး ပေါင်းလုပ်ငန်းအသစ် ၂၇ ဦးနှင့် သတင်းအေဂျင်စီအသစ်နှစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ပုံနှိပ်သူအမည်ပြောင်း နှစ်ဦးတို့ကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၄၃ ဦးနှင့် အသစ်လျှောက်ထားသူ ၂၇၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၁ ဦးနှင့် အသစ်လျှောက်ထားသူ ၇၄၂ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၂၈ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၃၀၇၆ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူ သုံးဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## သန်လျင်၌ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ငါးခုထားရှိမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

၂၀၁၆ ခုနှစ် မတ် ၉ ရက်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်ကတ်များကို သန်လျင်မြို့နယ်အတွင်းရှိ စာစစ်ဌာန ငါးခုတွင် သက်ဆိုင်ရာ ကြီးကြပ်ရေးမှူးများက ထုတ်ပေးလျက်ရှိသည်။

သန်လျင်မြို့နယ်တွင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ကျောင်းသားကျောင်းသူ ၃၆၆၈ ဦးရှိပြီး စာစစ်ဌာန ငါးခု ဖွင့်လှစ်ထားရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**သန်းဝင်း(သန်လျင်)**

○○




## ဟိမဝန္တာအရှေ့ဖျားဒေသ ဖွံ့ဖြိုးရေးနှင့်ထိန်းသိမ်းရေး ကွင်းဆင်းလေ့လာ

**ပူတာအို ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် သစ်တောဦးစီးဌာန သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) မြန်မာနိုင်ငံအစီအစဉ်၊ ICIMOD တို့ ပူးပေါင်းမှုဖြင့် ဟိမဝန္တာအရှေ့ဖျားဒေသဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ် (HI-LIFE) အကောင်အထည်ဖော်ရန် ကွင်းဆင်းလေ့လာခြင်းအား မိတ်ဆက်တင်ပြခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက သဘာဝပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ပညာပေးပြခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက အဖွင့်အမှာစကားပြောကြားပြီး ICIMOD မှ ပညာရှင် MS. Bandana shakya က Hi-LIFE စီမံကိန်းနှင့် landscape journey အား မိတ်ဆက်တင်ပြကာ ခါကာဘိုရာဇီအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက စီမံကိန်းဆောင်ရွက်ရမည့် ကနဦး နေရာများအား မိတ်ဆက်တင်ပြသည်။

ဆက်လက်၍ ဆွေးနွေးပွဲ တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ သက်ဆိုင်ရာ ကျေးရွာခြောက်ရွာမှ အုပ်ချုပ်ရေးမှူးများ၊ အစိုးရမဟုတ်သော NGO အဖွဲ့အစည်းများက သဘာဝပတ်ဝန်းကျင် မထိခိုက်သော ဒေသခံတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းမြှင့်တင်ကြရန် သဘောထားအမြင်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းလေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် နေရာသတ်မှတ်ရေးအတွက် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တောင်ဘက် တိုးချဲ့တို့အကြား ရေဝေရေလဲဒေသဖြစ်သည့် နမ်ရှု၊ ဆော်လော်ဒီ၊ နမ်မရှုထု၊ ဝါဆန်ဒမ်း၊ ဝမ်လိုင်ဒမ်းနှင့် လုံးနဒမ်း ကျေးရွာများသို့ ကွင်းဆင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးသွားကြမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်(ရွှေဈေး) ၈၀၇၀၀၀ - ၈၀၇၀၀၀ မန္တလေး(ရွှေဈေး) ၈၀၇၀၀၀ - ၈၀၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၀၀/၅၂၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၇၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၂၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၇၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၁၄ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၆၅. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၉. ၃၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၆၉၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၀၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၉၇၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၉၃. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၀. ၁၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၄. ၅၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၃. ၈၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

# ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများအတွက် တပ်မတော်မှ လိုအပ်သည်များကူညီဆောင်ရွက်ပေးလျက်ရှိ

# ကိုကိုးကျွန်းအနေဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်မှုများ ရှိလာသည်ကို တွေ့မြင်ရ




နေပြည်တော် ဖေဖော်ဝါရီ ၂၆

**မိမိအနေဖြင့် ကိုကိုးကျွန်းသို့ ၆ ကြိမ်မြောက် ရောက်ရှိခြင်းဖြစ်ပြီး ကိုကိုးကျွန်းအနေဖြင့် တစ်ကြိမ်ထက် တစ်ကြိမ် ပိုမိုဖွံ့ဖြိုးတိုးတက်မှုများ ရှိလာသည်ကို တွေ့မြင်ရကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ညနေပိုင်းတွင် ကိုကိုးကျွန်းရှိ တပ်မတော်(ရေ) တပ်စခန်းမှ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများအား သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။**

ဆက်လက်၍ ပထမအကြိမ် ကိုကိုးကျွန်းသို့ ရောက်ရှိပြီးနောက် မကြာမီ အဓိကလိုအပ်ချက်ဖြစ်သည့် သွားလာရေးအဆင်ပြေစေရန် စတင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်လေယာဉ်ပြေးဆွဲမှုအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ၂၄ ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် ၂၅ ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် ၃ ကြိမ် ပြေးဆွဲပေးခဲ့ကြောင်း၊ ယင်းသို့ သယ်ယူပို့ဆောင်ရာတွင်လည်း နိုင်ငံရေးအတွက်၊ စီးပွားရေးအတွက်မှ လွဲ၍ မည်သည့်ကန့်သတ်ချက်မျှမထားဘဲ ကိုကိုးကျွန်းနေ တပ်မတော်သား မိသားစုဝင်များ၊ ဒေသခံပြည်သူလူထု၊ ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံးကို စိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့် လိုက်ပါစီးနင်းခွင့်ပြုခဲ့ကြောင်း ပြောကြားခဲ့သည်။

တွေ့ဆုံပွဲများတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သွားလာရေးအဆင်ပြေစေရန်နှင့် သက်သာချောင်ချိရေးအတွက် လေကြောင်းအပြင် တပ်မတော်ရေယာဉ်များဖြင့်လည်း အခေါက်ပေါင်းများစွာ သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းအပြင် သွားလာမှု ပိုမိုအဆင်ပြေစေရန် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း၊ ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ကြောင်း၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် လေယာဉ်ကွင်း ခြံစည်းရိုးအပါအဝင် မြို့တွင်းလမ်းဘေးဝဲ/ယာတံတိုင်းများ၊ ရေနုတ်မြောင်းများဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေသခံများအနေဖြင့်လည်း မိမိတို့ပတ်ဝန်းကျင် အမြဲသန့်ရှင်းကောင်းမွန်နေစေရန် ဆက်လက်ထိန်းသိမ်းလုပ်ဆောင်သွားစေလိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့်လည်း အဆင့်မြင့်ပင်လယ်သွားတပ်မတော်ဆေးရုံသင်္ဘော(သံလွင်)ဖြင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၎င်းခရီးစဉ်သည် ဆေးရုံသင်္ဘော(သံလွင်)၏ ပထမဆုံးခရီးစဉ်ဖြစ်ပြီး နောင်တွင်လည်း ကမ်းရိုးတန်းဒေသရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဥစားကြက်မွေးမြူရေး၊ နွားမွေးမြူရေးနှင့် ကျွန်းပေါ်၌ မြောက်မြားစွာပေါက်ရောက်နေသည့် အုန်းပင်များမှ တန်ဖိုးမြင့်အုန်းထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ကူညီလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေရန် MecTel တယ်လီဖုန်းဆက်သွယ်မှုရရှိအောင် လုပ်ဆောင်ပေးခဲ့ကြောင်း၊ ယင်းသို့ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် အခြေခံဖြစ်သည့် အသိပညာ၊ အတတ်ပညာများရရှိစေရန် မိမိတို့သားသမီးများ၏ အတန်းပညာမြင့်မားရေး၊ စာဖတ်အားမြှင့်တင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများမှ ဦးဆောင်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ၊ ရသ စာအုပ်စာစောင်များနှင့် အကျီမျာကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)က စားသောက်ဖွယ်ရာပစ္စည်းများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)က အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့ မြို့နယ်ခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို လက်ဆောင်ပေးအပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ စစ်ရေယာဉ်ဆင်ဖြူရှင်ဖြင့်ထွက်ခွာရာ စစ်ရေယာဉ်ပေါ်ရှိ Conference Room တွင် တပ်မတော်(ရေ)၏ ပင်လယ်ပြင်လုံခြုံရေးနှင့် စိုးမိုးရေးဆောင်ရွက်နေမှုအခြေအနေများကို ကာကွယ်ရေးဦးစီးချုပ်(ရေ)က ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတ်မှတ်ထားသည့် စစ်ဆင်ရေးရေပြင်အလိုက် လေ့ကျင့်ခန်းများဆောင်ရွက်ရေး၊ ဌာနချုပ်အလိုက်အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များ ပြည့်စုံစွာဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ တပ်မတော်(လေ)နှင့်ပူးပေါင်းလေ့ကျင့်ခန်း၊ ကြည်း၊ ရေ၊ လေ ပူးပေါင်းလေ့ကျင့်ခန်းများ ဆောင်ရွက်ရေးနှင့် Simulator နှင့် လေ့ကျင့်ခြင်းနှင့် ကျယ်ဝန်းသည့်မြန်မာ့ပင်လယ်ပြင်ကို တပ်မတော်(ရေ)၏ အသင့်ဖြစ်မှု ၃ ရပ်ဖြင့် လုံခြုံစွာကာကွယ်နိုင်ရေးတို့ကို ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းသို့ရောက်ရှိကြပြီး ကျွန်းပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။ ယင်းနောက် ကိုကိုးကျွန်းလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရေးနှင့် ဆက်စပ်လုပ်ငန်းများ၊ လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းဖောက်လုပ်မှုနှင့် သွပ်ဆူးကြိုးကာရံမှုအခြေအနေများ၊ ကျွန်းမြေများကို ပင်လယ်ဒီရေတိုက်စားမှုမှကာကွယ်ရန် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ကိုကိုးကျွန်း မီတာ ၁၀၀ Jetty တည်ဆောက်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ပင်လယ်သွားတပ်မတော်ဆေးရုံရေယာဉ်(သံလွင်)မှ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော ဒေသခံများအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၇/၂၀၁၆)
၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| ကြည်း ၄၆၉၇၇<br>ဗိုလ်ကြီးကျော်မြတ်စိုး | အစား | ကြည်း ၅၂၂၇၇<br>ဗိုလ်ကြီးမင်းမင်းသိန်း |

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## စစ်ရေယာဉ်တပ်ပေါင်းစုပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း လေ့ကျင့်ဆောင်ရွက်မည့်နေရာသို့ အမျိုးအစားစိစစ်ဆဲမြန်နှုန်းမြင့် လေယာဉ် သုံးစင်း ဝင်ရောက်ပျံသန်းခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တပ်မတော်(ရေ) စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise- Sea Shield 2016) ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၂ ရက်အထိ သတ်မှတ်ဧရိယာဖော်ပြ၍ လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ စစ်သံရုံးများသို့ ပြည်တွင်းသတင်းဌာနများမှ ကြိုတင်သတင်းထုတ်ပြန်အကြောင်းကြားခဲ့ပြီးဖြစ်သည်။

ယင်းလေ့ကျင့်ခန်းဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၄ နာရီ ၂၈ မိနစ်မှ ၄ နာရီ ၃၇ မိနစ်အတွင်း မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ ဒသမ ၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၄ ဒသမ ၅၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၂ ဒသမ ၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၄ မိနစ် နေရာများသို့ အမျိုးအစား စိစစ်ဆဲ မြန်နှုန်းမြင့်လေယာဉ်သုံးစင်း မြောက်ဘက်အရပ်မှ တောင်ဘက်အရပ်သို့ ဝင်ရောက်ပျံသန်းခဲ့ကြောင်း စိစစ်သိရှိရသည်။

သို့ဖြစ်၍ တပ်မတော်(ရေ) လေ့ကျင့်ခန်းဆောင်ရွက်ရာတွင် အမြောက်၊ ဒုံးပျံ ပစ်ခတ်လေ့ကျင့်မှုများပါရှိသဖြင့် မလိုလားအပ်သော ဖြစ်စဉ်များ မဖြစ်ပေါ်စေရေး ထပ်မံအသိပေးအကြောင်းကြားမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆။** (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၉နာရီက နေပြည်တော်ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံ၌ ပြုလုပ်ခဲ့သည်။ စုပေါင်းသွေးလှူရာတွင် အမှတ် (၂၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးကျော်ဝင်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် ၅၉ ဦး စုပေါင်းသွေးလှူခဲ့ကြရာ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာသီတာလှနှင့် တာဝန်ရှိသူများက ကျေးဇူးတင်စကားပြောကြားပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# မြောက်ကိုရီးယားအား အရေးယူဒဏ်ခတ်ရေး အမေရိကန်နှင့် တရုတ်သဘောတူညီ

**ဆိုးလ် ဖေဖော်ဝါရီ ၂၆**

မြောက်ကိုရီးယားနိုင်ငံအား ထိန်းချုပ်ကန့်သတ်မှု ပိုမိုတင်းကျပ်ရန် ရည်ရွယ်သော အရေးယူဒဏ်ခတ်ရေး အစီအစဉ်သစ်နှင့်ပတ်သက်၍ အမေရိကန်နှင့် တရုတ်တို့ နှစ်လနီးပါးခန့် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးနောက် အမေရိကန်က အဆိုပြုသော အရေးယူဒဏ်ခတ်ရေးအစီအစဉ်ကို တရုတ်နိုင်ငံက သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇန်နဝါရီ ၆ ရက်က နျူကလီးယားစမ်းသပ်မှုနှင့်မကြာသေးမီက ဒုံးပျံပစ်လွှတ်မှုတို့ပြုလုပ်ခဲ့သော မြောက်ကိုရီးယားနိုင်ငံအား အရေးယူဒဏ်ခတ်ရေးအစီအစဉ်သစ်အရ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်သည့် (သို့မဟုတ်) မြောက်ကိုရီးယားနိုင်ငံမှ လာရောက်မည့် ကုန်စည်ပို့ဆောင်မှုအရပ်ရပ်ကို မိမိ၏ပိုင်နက်နယ်မြေ ဖြတ်သန်းချိန်တွင် မလုပ်မနေရကြည့်ရှုစစ်ဆေးမှု ပြုလုပ်ရမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက လက်ခံရရှိသော အရေးယူဒဏ်ခတ်ရေး အစီအစဉ်မူကြမ်းတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားကုန်သွယ်မှု၏ ၉၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသော တရုတ်နိုင်ငံသည် တလျှံကဲ့သို့သော ပင်လယ်ဆိပ်ကမ်းများနှင့် တန်တုန်းနယ်စပ်မြို့တို့၌ ကုန်ပစ္စည်းများ ကြည့်ရှုစစ်ဆေးမှုလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်လာရမည်ဟု မျှော်လင့်ရသည်။

၁၉၅၀-၅၃ ခုနှစ် ကိုရီးယားစစ်ပွဲ၌ မြောက်ကိုရီးယားဘက်မှ ကာကွယ်ပေးခဲ့သော တရုတ်နိုင်ငံသည် ယင်းနိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံနှင့်အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များနှင့်ပတ်သက်၍ တရုတ်နိုင်ငံက ဝေဖန်မှု တိုးမြှင့်ပြုလုပ်လာကြောင်း သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**

# ယခုနှစ်အတွင်း ဥရောပသို့ ရွှေ့ပြောင်းဒုက္ခသည် ၁၂၀၀၀၀ ကျော် ရောက်ရှိ

**ဂျီနီဗာ ဖေဖော်ဝါရီ ၂၆**

ယခုနှစ်စမှစတင်၍ ပင်လယ်ပြင်ကိုဖြတ်ကျော်ကာ ဥရောပသို့ ရောက်ရှိလာသည့် ရွှေ့ပြောင်းဒုက္ခသည် အရေအတွက်မှာ ၁၂၀၀၆၅ ဦး ရှိသွားပြီဖြစ်ကြောင်း နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများအဖွဲ့ (အိုင်အိုအမ်) က ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

ရောက်ရှိလာသူများအနက် ၁၁၁၀၉၉ ဦးသည် ဂရိနိုင်ငံသို့ရောက်ရှိခဲ့ကြပြီး ၈၉၆၆ ဦးသည် အီတလီနိုင်ငံသို့ ဆိုက်ရောက်ခဲ့ခြင်းဖြစ်သည်။ ယခုရောက်ရှိလာသည့် အရေအတွက်သည် ၂၀၁၅ ခုနှစ် အလားတူကာလကထက် သိသိသာသာပိုများလာခဲ့ပြီး ၂၀၁၅ ခုနှစ်၏ နှစ်စ ပထမနှစ်လတွင် ဥရောပသို့ ရောက်ရှိလာသည့်အရေအတွက်မှာ ၁၁၈၃၄ ဦးရှိခဲ့သည်။

ဥရောပသို့ ရောက်ရှိလာသည့် အရေအတွက်သည် ဆက်လက်များပြားနေပြီး ဥရောပသို့ရောက်ရှိရန်အတွက် မြေထဲပင်လယ်ကို ဖြတ်သန်းရန်ကြိုးပမ်းစဉ် သေဆုံးရသူအရေအတွက်မှာ ၄၁၈ ဦးရှိသည်ဟု အိုင်အိုအမ်က ထုတ်ပြန်ကြေညာသည်။ သေဆုံးသူများအနက် ၃၁၂ ဦးသည် မြေထဲပင်လယ်အရှေ့ပိုင်း ဂရိနှင့် တူရကီအကြား လမ်းခရီးတွင် သေဆုံးပြီး ၉၇ ဦးသည် မြေထဲပင်လယ်အလယ်ပိုင်း မြောက်အာဖရိကနှင့် အီတလီကြားဆက်သွယ်ထားသည့်လမ်းကြောင်းတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။



လွန်ခဲ့သည့်နှစ်အတွင်း ဥရောပသို့ ရွှေ့ပြောင်းဒုက္ခသည် တစ်သန်းကျော်ရောက်ရှိခဲ့ပြီး ၎င်းတို့အနက် ၈၅၃၆၅၀ သည် ဂရိနိုင်ငံသို့ ဆိုက်ရောက်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# နိုင်ငံတောင်ပိုင်းတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့က စစ်သွေးကြွ ၄၂ ဦးကို ချေမှုန်း

**မနီလာ ဖေဖော်ဝါရီ ၂၆**

အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)နှင့် ဆက်သွယ်မှုများရှိသည်ဟု ကြေညာထားသော အစ္စလာမ္မစ်သူပုန်များ၏ ခြေကုပ်စခန်းများအား သိမ်းယူရေးအတွက် ဖိလစ်ပိုင် အစိုးရတပ်ဖွဲ့များက ငါးရက်ကြာ စစ်ဆင်ရေးများကို နိုင်ငံတောင်ပိုင်းကျွန်းတစ်ကျွန်းရှိ တောင်ကုန်းတောင်တန်းထူထပ်သောဒေသ၌ ပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၄၂ ဦးထက်မနည်း ချေမှုန်းသုတ်သင်နိုင်ခဲ့ကြောင်း အစိုးရတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

အရှေ့တောင်အာရှဒေသမှ အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့နှင့် ချိတ်ဆက်လုပ်ကိုင်နေသည့် ဂျမား အစ္စလာမီးယားအဖွဲ့၏ ခြေကုပ်စခန်းတစ်ခုကို ဖိလစ်ပိုင်တပ်ဖွဲ့များက တိုက်ခိုက်သိမ်းပိုက်ရာတွင် တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ အဆိုပါစခန်းသည် လာနာအိုဒဲလ်ဆူးပြည်နယ်၌ တည်ရှိသည်။

မိမိတို့တပ်ဖွဲ့များသည် စစ်သွေးကြွများ ခိုအောင်းနေသည့် နေရာများကို ဖေဖော်ဝါရီ ၂၅ ရက် ညပိုင်းတွင် သိမ်းယူနိုင်ခဲ့ကြောင်း ဖိလစ်ပိုင်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးမွန်တန်က ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းမှ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ သတင်းထောက်များအား ပြောကြားသည်။ စစ်သွေးကြွ ၄၂ ဦးခန့်ကို ဖိလစ်ပိုင်တပ်ဖွဲ့များက ချေမှုန်းနိုင်ခဲ့ကြောင်း ၎င်းက ခန့်မှန်း ပြောကြားသည်။

**ဆင်ဟွာ။**

# မတ် ၂ ရက်တွင် အီရန် ရွေးကောက်ပွဲကျင်းပမည်

**တီဟီရန် ဖေဖော်ဝါရီ ၂၆**

အီရန်နိုင်ငံက ပါတီစုံရွေးကောက်ပွဲတစ်ရပ်ကို မတ် ၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ယခုကျင်းပမည့် ရွေးကောက်ပွဲသည် တီဟီရန်၏ နျူကလီးယားအစီအစဉ်ကြောင့် နိုင်ငံတကာ၏ စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ဖြေလျှော့လာပြီးနောက် ပထမဆုံးအကြိမ် ကျင်းပသည့် ရွေးကောက်ပွဲဖြစ်သည်။

သမ္မတ ရိုဟာနီထောက်ခံသူများက ဆန့်ကျင်ဘက်ပါတီများနှင့် စေ့စပ်ညှိနှိုင်းမှု လုပ်ဆောင်ခြင်းမှ ရရှိထားသော ရလဒ်ကောင်းများကို အသုံးချပြီး ရွေးကောက်ပွဲနေရာ အများအပြားအနိုင်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။ ယင်းအနက် အနောက်နိုင်ငံများ၏ စီးပွားရေးဖြေလျှော့မှုလည်း တစ်ခုအပါအဝင်ဖြစ်သည်။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအစောပိုင်းတွင် ရွေးကောက်ပွဲဝင်ရွေးမည့် အမတ်အရေအတွက် ၆၂၀၀ ဦးကျော်ရှိခဲ့ရာမှ ယခုအချိန်တွင် ၄၈၄၄ ဦးထိ လျော့ကျသွားခဲ့ကြောင်း အီရန်ပြည်ထဲရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ရွေးကောက်ပွဲမှ နုတ်ထွက်သွားသူအများစုသည် ရှေးရိုးစွဲများဖြစ်ပြီး ယခုရွေးကောက်ပွဲ နေရာအများအပြား အနိုင်ရရှိရန် အခွင့်အရေးနည်းပါးလှကြောင်း လေ့လာသူများက ဆိုသည်။

အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာ အလီခါမေနီက ရွေးကောက်ပွဲပြီးနောက် ဖြစ်ပေါ်လာမည့် ပါလီမန်အသစ်သည် အနောက်တိုင်း ဆန့်ကျင်သည့် အယူဝါဒကို ထိန်းသိမ်းသင့်ကြောင်း ဆိုသည်။

ခါမေနီ၏ ရပ်တည်ချက်သည် လေးနှစ်တစ်ကြိမ် ကျင်းပမည့်ရွေးကောက်ပွဲရလဒ်ကို မည်သို့အကျိုးသက်ရောက်မှုရှိမလဲဆိုသည်ကိုမူ စောင့်ကြည့်ရမည် ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# မြွေကြွက်တစ်ကောင်ကြောင့် ခရီးသည်တင်လေယာဉ်တစ်စင်း အရေးပေါ် ဆင်းသက်ရ

**ဟန်ကျိုး ဖေဖော်ဝါရီ ၂၆**

ခရီးသည်တင်လေယာဉ်တစ်စင်းအတွင်း မြွေကြွက်တစ်ကောင် ပါရှိလာပြီး ခရီးသည်များစီးရာ အခန်းအတွင်း ဦးတည်ရာမဲ့ လျှောက်ပြေးနေသည်ကို တွေ့ရှိပြီးနောက် လေယာဉ်အား မူလထွက်ခွာခဲ့ရာ လေဆိပ်သို့ ပြန်လှည့်စေခဲ့ရကြောင်း Loong Air လေကြောင်းလိုင်းက ဖေဖော်ဝါရီ ၂၆ ရက်တွင် အတည်ပြုပြောကြားသည်။

အဆိုပါမြွေကြွက်ကို မတွေ့ရှိမီ GJ8823 အမျိုးအစား ခရီးသည်တင်လေယာဉ်မှာ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၇ နာရီ ၇ မိနစ်တွင် ကျဲကျန်းပြည်နယ် မြို့တော်ဟန်ကျိုးမြို့မှ ထွက်ခွာခဲ့ကာ ယူနန်ပြည်နယ်ရှိ ဆစ်ဆောင်ပန်နားတိုင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုသို့ ဦးတည်သွားရောက်ခြင်းဖြစ်သည်။ ယင်းမြွေကြွက်မှာ ယဉ်ပါးအောင် မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်တစ်ကောင် မဟုတ်ဘဲ လေယာဉ်အတွင်းသို့ မည်သို့မည်ပုံ ရောက်ရှိလာခဲ့သည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း Loong Air လေကြောင်းလိုင်းက ဆိုသည်။ မြွေကြွက်များမှာ လေယာဉ်ထိန်းချုပ်မှုစနစ်ကို ဖျက်ဆီးနိုင်သောကြောင့် လေယာဉ်တစ်စင်းအတွက် ကြီးမားသော ဘေးအန္တရာယ်ပေးနိုင်သည့် တိရစ္ဆာန်များဖြစ်သည်။

မြွေကြွက်များမှာ အစားအသောက်တင် တွန်းလှည်းများ၊ အခြားကုန်ပစ္စည်းများမှတစ်ဆင့် လေယာဉ်အတွင်းသို့ ရောက်ရှိနိုင်ကြောင်း သတင်းရပ်ကွက်များက ပြောကြားသည်။ လေကြောင်းလိုင်း ဝန်ထမ်းများက လေယာဉ်အား ပိုးသတ်ဆေးများ ဖျန်းခဲ့ကြောင်း သိရသည်။ Loong Air လေကြောင်းလိုင်းမှာ ဟန်ကျိုးမြို့၌ မှတ်ပုံတင်ထားသော တန်ဖိုးနည်းလေကြောင်းလိုင်းတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံအတွင်း ပြည်တွင်းခရီးစဉ် ၅၀ ကျော် ပျံသန်းလျက်ရှိသည်။

**ဆင်ဟွာ။**

# လမ်းမကြီးတွေကိုလည်း ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွား အစရှိသဖြင့် စံနှုန်းနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ရန်ကုန်မြို့သစ်စီမံကိန်း အောင်အောင်မြင်မြင်ဖြစ်ထွန်းခဲ့ရင် ပြည်သူတွေအကျိုးအများကြီး ခံစားရမှာပါ

## ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုးနှင့် တွေ့ဆုံမေးမြန်းခြင်း

သတင်း - ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ - ရဲထွဋ်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း လိုအပ်ချက်အရ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါ စီမံကိန်းများတွင် ရန်ကုန်မြို့သစ်စီမံကိန်းအကောင်အထည်ဖော်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ထိုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခဲ့ပြီး လျှို့ဝှက်ဆန္ဒမဲပေးကာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတည်ပြုခဲ့ကြသည်။

ရန်ကုန်မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ တင်ဒါစိစစ်ရေးအဖွဲ့ခေါင်းဆောင် ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုးအား မြန်မာ့သတင်းစဉ်က မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**မေး။ ။ရန်ကုန်မြို့သစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ။ ရန်ကုန်မြို့သစ်စီမံကိန်းဖြစ်ပေါ်လာတာက ရန်ကုန်မြို့မှာ လူဦးရေများပြားလာပြီ။ များပြားလာတဲ့ လူဦးရေနဲ့အညီ မြို့ပြဖွံ့ဖြိုးမှုလိုအပ်တဲ့အခြေအနေအရ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာ ဆွေးနွေးအတည်ပြုချက်ရယူပြီး ဆောင်ရွက်ခဲ့တဲ့စီမံကိန်း ဖြစ်ပါတယ်။

အခုစီမံကိန်းဟာ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်း ၂၀၄၀ မှာပါဝင်တဲ့ မြို့သစ်စီမံကိန်းလည်း ဖြစ်ပါတယ်။ စီမံကိန်းက ကြည့်မြင်တိုင်မြို့နယ် အနောက်ဘက် တစ်ဖက်ကမ်းမှာရှိပါတယ်။ ပန်းလှိုင်မြစ်နဲ့ ခနောင်တိုချောင်းအကြား၊ လှိုင်မြစ်နဲ့ လှိုင်သာယာ-တွံတေးကားလမ်းကြား ဧရိယာစုစုပေါင်း ဧက သုံးသောင်းခန့် ရှိပါတယ်။

ဒီဧရိယာထဲမှာပါဝင်တဲ့ ကျေးရွာ ၂၅ အုပ်စုရှိပါတယ်။ ကြည့်မြင်တိုင်တစ်ဖက်ကမ်း တွံတေးမြို့နယ်နဲ့ ဆိပ်ကြီးခနောင်တို အပိုင်ထဲမှာရှိပါတယ်။ ကြည့်မြင်တိုင်တစ်ဖက်ကမ်း ဧရိယာလည်းဖြစ်ပါတယ်။

**မေး။ ။ဒီစီမံကိန်းအတွက် ဘယ်လိုတင်ဒါခေါ် ဆောင်ရွက်ခဲ့တယ်ဆိုတာလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ပထမအကြိမ်ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ ပဥ္စမနေ့မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ရန်ကုန်မြို့သစ်စီမံကိန်းကို အမြန်အကောင်အထည်ဖော်ဖို့ ဆိုပြီးတော့ ကြည့်မြင်တိုင်မြို့နယ် အမှတ် (၂)မဲဆန္ဒနယ်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်က အဆိုတင်သွင်းတယ်။

ဒီအဆို တင်သွင်းတာနဲ့ ပတ်သက်ပြီးတော့ ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာပဲ ဆောင်ရွက်ခဲ့တယ်။ အဲဒီမှာ ထောက်ခံမဲက ၁၀၀၊ ကန့်ကွက်မဲ ၁၀ မဲ၊ ပယ်မဲလေးမဲနဲ့ လျှို့ဝှက်ဆန္ဒမဲပေးပြီး ဒီစီမံကိန်းကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရေးအဆိုကို အတည်ပြုခဲ့တာဖြစ်ပါတယ်။ အဲဒီအဆိုနဲ့ ပတ်သက်ပြီး လွှတ်တော်မှာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကြတယ်။

ဆွေးနွေးပြီးတဲ့အခါ ပြည်သူတွေ ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တဲ့ ပထမအကြိမ် တိုင်းဒေသကြီး လွှတ်တော်မှာ အကျယ်တဝင့်ဆွေးနွေးဆုံးဖြတ်ခဲ့တယ်။ ဆုံးဖြတ်ခဲ့တဲ့အတိုင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

တင်ဒါ လျှောက်လွှာလာဝယ်တဲ့ ကုမ္ပဏီက စုစုပေါင်း ၅၄ ခု ရှိတယ်။ ကုမ္ပဏီသုံးခုပဲလာပြီး တင်ဒါတင်သွင်းခဲ့တယ်။ အဲဒီကုမ္ပဏီတွေက ရန်ကုန်အနောက်တောင် ဒေသဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊ Business Capital City Development Ltd ၊ ရွှေပုပ္ပားအပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဒီသုံးဖွဲ့ပဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်။

ဒီသုံးဖွဲ့ကို ပဏာမ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှာ စတင်စိစစ်ခဲ့တယ်။ တင်ဒါစိစစ်ရေးကော်မတီကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးထားတာရှိတယ်။ ရန်ကုန်မြို့သစ်စီမံကိန်း Developer အဆိုပြု တင်ဒါလျှောက်လွှာတွေကို ပဏာမဖွင့်ဖောက်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုပြီးတော့ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၀ ရက်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးအပ်စာ ထွက်တာရှိပါတယ်။

တင်သွင်းထားပြီးတဲ့ တင်ဒါအဆိုပြုလွှာတွေကို ပဏာမဖွင့်ဖောက်စိစစ်ဖို့အတွက် စိစစ်ရေးအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၇/၂၀၁၅)၊ ဆုံးဖြတ်ချက်အပိုဒ်(၅၉)အရ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးကို အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး (ကရင်)ဦးစောထွန်းအောင်မြင့် အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဥပဒေအရာရှိ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး စီမံကိန်းဦးစီးမှူး၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မြို့ပြအင်ဂျင်နီယာဌာန၊ ပါမောက္ခ (ဌာနမှူး)၊ အထပ်မြင့် အဆောက်အအုံ ဆောက်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်းများ စစ်ဆေးရေးကော်မတီ၊ ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ လက်ထောက်ဌာနမှူး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံဗိသုကာအသင်းမှ ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ကိုယ်စားလှယ်တစ်ဦး စသည်ဖြင့် စုစုပေါင်း လူပုဂ္ဂိုလ် ၁၃ ဦးပါဝင်တဲ့ ရန်ကုန်မြို့သစ်စီမံကိန်း Developer အဆိုပြုလွှာတင်ဒါလျှောက်လွှာများကို ပဏာမ ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့ဆိုပြီး တာဝန်ပေးအပ်ခဲ့တယ်။

ဒီတင်ဒါစိစစ်ရေးအဖွဲ့အနေနဲ့ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှာ စတင်စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ ထပ်မံပြီး ဒုတိယအကြိမ်စိစစ်ခဲ့တယ်။ ဒုတိယအကြိမ် စိစစ်ပြီးတဲ့အခါမှာ သုံးဖွဲ့လုံးရဲ့ တင်ပြချက်တွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးမှာ လာရောက်ရှင်းလင်းတင်ပြဖို့ လိုအပ်တယ်လို့ တင်ဒါစိစစ်ရေးကော်မတီအနေနဲ့ သုံးသပ်ပြီး ဆုံးဖြတ်ခဲ့တယ်။

အဲဒီအတွက်ကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တွေ အားလုံးပါဝင်တဲ့ အစည်းအဝေးမှာပဲ ကုမ္ပဏီသုံးခုက power point နဲ့ သူတို့ဆောင်ရွက်မယ့် အချက်အလက်တွေကို အသေးစိတ် ရှင်းလင်းတင်ပြတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးတွေနဲ့ တင်ဒါစိစစ်ရေးအဖွဲ့ဝင်တွေကလည်း လိုအပ်တာတွေအားလုံး မေးမြန်းဆွေးနွေးခဲ့ပါတယ်။ ဆက်လက်ပြီး တင်ဒါစိစစ်ရေးအဖွဲ့က အဖွဲ့သုံးဖွဲ့ကို စိစစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို ထပ်မံတင်ပြတာတွေရှိတယ်။ ဒီလိုတင်ပြရတဲ့အကြောင်းကလည်း ဒီစီမံကိန်းကြီးက ခန့်မှန်းဧရိယာဧက သုံးသောင်းလောက်ရှိတယ်။

ဒေသခံတွေကို မြေတွေနဲ့ပတ်သက်ပြီး ဘယ်လိုစီမံခန့်ခွဲမလဲ၊ ရွာမြေ၊ ဂရန်မြေ အမည်ပေါက်တွေလည်း ရှိတယ်။ လယ်ယာလုပ်ငန်းတွေလည်း ရှိတယ်။ ဒီဒေသမှာရှိတဲ့ ဒေသခံတွေ ဖွံ့ဖြိုးဖို့အတွက် ရေးရှုပြီးလုပ်တဲ့စီမံကိန်းပါ။ ဒေသခံတွေ မနစ်နာစေဖို့ တင်ဒါစိစစ်ရေးအဖွဲ့အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကပါ တစ်ခါတည်း ပိုမိုပြီး ပြည့်ပြည့်စုံစုံ ဖြစ်ဖို့အတွက် အသေးစိတ်စိစစ်ခဲ့တာဖြစ်တယ်။

**မေး။ ။ အခုလိုမျိုး ဧကများစွာ ကျယ်ပြန့်တဲ့နေရာမှာ စီမံကိန်းစမယ်ဆိုတော့ ဒေသခံတွေနဲ့ပတ်သက်ပြီး ဘယ်လိုရှင်းလင်းဆောင်ရွက်ရတာတွေရှိပါသလဲ။**

ဖြေ။ ။နှစ်ပိုင်းရှိပါတယ်။ ဒေသခံပြည်သူအများစုက ဒီစီမံကိန်းကို လိုလားတယ်လို့ သိရတယ်။ ဒါတွေနဲ့ပတ်သက်ပြီး သိသာထင်ရှားတဲ့အချက်တွေက ဒေသခံပြည်သူတွေအနေနဲ့ ဒီစီမံကိန်းဖော်ဆောင်ပေးပါဆိုပြီး ဆန္ဒဖော်ထုတ်တာတွေ ရှိတယ်။



ရန်ကုန်တိုင်းဒေသကြီး
သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုး။

ဒေသခံတွေက တကယ်လိုလားတဲ့အတွက် ဒေသခံ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဦးမြင့်လွင်က အမြန်အကောင်အထည်ဖော်ပေးရန် တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းတယ်။ ဒေသခံ ပြည်သူအများစုက အမှန်တကယ် လိုလားကြောင်း တွေ့ရှိရတယ်။

ဒါတွေ ဘာကြောင့် ပြောနိုင်သလဲဆိုတော့ သူတို့ရဲ့ ဆန္ဒဖော်ထုတ်မှုတွေ အများကြီးရှိတယ်။ ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှာ ဒေသဖွံ့ဖြိုးရေးအတွက် အများဆုံးဆောင်ရွက်ပေးပါဆိုပြီး အစိုးရကို တိုက်တွန်းတဲ့ ဆန္ဒဖော်ထုတ်မှုတွေ ဆောင်ရွက်ခဲ့တာတွေ့ရတယ်။ ထိုနည်းတူ တစ်ဆက်တည်း ဒီစီမံကိန်းကို မဖြစ်လိုတဲ့သူနဲ့ ဖြစ်လိုတဲ့သူဆိုပြီး လူ့သဘောသဘာဝအတိုင်း တွေ့ရှိရတယ်။

လူ့သဘာဝအတိုင်းကွဲပြားမှုတွေရှိတယ်လို့ ရှုမြင်ပါတယ်။ ဒီစီမံကိန်းက ဒေသခံပြည်သူအများစု လိုလားတဲ့ စီမံကိန်းဖြစ်တယ်။ လွှတ်တော်မှာလည်း တရားဝင်ကိုယ်စားပြု ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးခဲ့တယ်။ ဆွေးနွေးပြီး လျှို့ဝှက်ဆန္ဒမဲပေးပြီးဆုံးဖြတ်ခဲ့တယ်။ ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ တရားဝင်ဆွေးနွေးဆုံးဖြတ်ခဲ့တာကြောင့် အစိုးရအဖွဲ့မှာလည်း ဖော်ဆောင်ပေးရမယ့် တာဝန်ရှိပါတယ်။

ဒီလိုဖော်ဆောင်ပေးရမယ့် စီမံကိန်းဖြစ်တာကြောင့် အသေးစိတ်ကို တင်ဒါစိစစ်ရေးအဖွဲ့နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တွေ အသေးစိတ် စိစစ်နေတဲ့ အနေအထားဖြစ်ကြောင်း တင်ပြလိုပါတယ်။

**မေး။ ။မြို့သစ်စီမံကိန်းနဲ့ပတ်သက်ပြီး ဘာတွေ ဆောင်ရွက်သွားဖို့ရှိပါသလဲရှင့်။**

ဖြေ။ ။ဒီစီမံကိန်းက ကြီးမားတယ်။ ဖြည့်စွက်တင်ပြချင်တာကတော့ ကုမ္ပဏီတွေရဲ့ တင်ပြချက်တွေကို စိစစ်ခဲ့တဲ့အခါမှာ စီမံကိန်းဟာ ခန့်မှန်းခြေ (၁၀)နှစ် ဝန်းကျင်လောက်ရှိမယ့် စီမံကိန်းဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်အတန်းမီဖို့လိုတယ်။ ရေဆိုးစွန့်ပစ်စနစ်ကအစ မော်တော်ယာဉ်သွားဖို့ လမ်းမကြီးတွေ တည်ဆောက်ဖို့လိုတယ်။

အရင်ဆုံး မြစ်ကူးတံတားကြီး ငါးစင်းကတော့ မဖြစ်မနေ တည်ဆောက်ပြီး အစိုးရအဖွဲ့ကိုလွှဲဒါန်းမယ့် အနေအထားဖြစ်ပါတယ်။ ဒီစီမံကိန်းကြီးဖြစ်ထွန်းခဲ့ရင် လက်ရှိရန်ကုန်မြို့ကြီးနဲ့ ကွာဟမှုနည်းသွားမယ့် ဒေသကြီးတစ်ခုအနေနဲ့ ရှုမြင်ပါတယ်။ ဒေသခံ ပြည်သူတွေလည်း လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမယ်။ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် အားလုံးတိုးတက်လာမယ်လို့မြင်ပါတယ်။

စီမံကိန်းကာလက ၁၀ နှစ်ဆိုတော့ အချိန်ယူပြီး တဖြည်းဖြည်းနဲ့ဖော်ဆောင်သွားရမယ့် စီမံကိန်းလို့ မြင်ပါတယ်။ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်လည်း ကျယ်ပြန့်တယ်။ ပတ်ဝန်းကျင်မထိခိုက်အောင် အစီအမံတွေ လိုအပ်တယ်။ မူလရှိပြီးသားဒေသကို ဒီထက်ဖွံ့ဖြိုးအောင် လုပ်မယ်ဆိုရင် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် အရင်းအနှီး ကြီးမားတယ်။ အချိန်ကာလကလည်း(၁၀) နှစ်လောက်မှ ရုပ်လုံးပီပီပြင်ပြင်ပေါ်မယ့် အနေအထားဖြစ်ပါတယ်။

**မေး။ ။လက်ရှိမှာ မြို့သစ်တွေအများကြီးဖော်ထုတ်ခဲ့ပြီး ယခုဖော်ဆောင်မယ့် မြို့သစ်နဲ့ ဘယ်လို ကွာခြားမှုရှိပါသလဲ။**

ဖြေ။ ။အရင်မြို့သစ်တွေကလည်း အဲဒီအချိန်မှာရှိတဲ့ တာဝန်ရှိသူတွေ လိုအပ်ချက်အရ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတုန်းက အစိုးရပိုင်းကဦးဆောင်ပြီး ဆောင်ရွက်ရတဲ့ စီမံကိန်းအမျိုးအစားတွေ ဖြစ်တယ်။ ဒါကတော့ ပုဂ္ဂလိကကို Developer အဖြစ် တာဝန်ပေးအပ်ပြီး ဆောင်ရွက်စေတဲ့ လုပ်ငန်းအမျိုးအစားဖြစ်တဲ့အတွက် ကွာခြားမှုတော့ရှိတယ်။

ဒီဘက် ဒီမိုကရေစီနိုင်ငံတော် ထူထောင်တဲ့အချိန်မှာ ပုဂ္ဂလိကကဏ္ဍကို အားပေးရာလည်းရောက်တယ်။ နိုင်ငံတော်ဘက်ကိုလည်း တံတားငါးစင်းဆောက်ပြီး ပြန်လည်လှူဒါန်းမှာဖြစ်တဲ့အတွက် နိုင်ငံတော်နဲ့ပြည်သူအတွက် အကျိုးအမြတ်ရတယ်လို့ပြောချင်တယ်။ ပြည်သူတွေကို တံတားဖြတ်သန်းခလုံးဝမယူဘဲ ဆောင်ရွက်ပေးမယ်လို့ ကတိကဝတ်ပြုထားပါတယ်။

လမ်းမကြီးတွေကိုလည်းရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွား အစရှိသဖြင့် စံနှုန်းနဲ့အညီ ဆောင်ရွက်သွားမယ်လို့ တင်ပြထားတဲ့အတွက် ဒီစီမံကိန်း အောင်အောင်မြင်မြင်ဖြစ်ထွန်းခဲ့ရင် ပြည်သူတွေအကျိုးအများကြီး ခံစားရမှာပါ။ ဒေသခံတွေသာမက ရန်ကုန်မြို့ထဲက ပြည်သူတွေပါ ခြံနဲ့ဝင်းနဲ့ နေချင်တယ်ဆိုရင် သွားရောက်နေနိုင်မယ်လို့ မြင်ပါတယ်။ ဒီစီမံကိန်းက ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းကတည်းက အစီအစဉ်တွေရေးဆွဲပြီး ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်ရှင့်။

**ဒေသခံတွေကို မြေတွေနဲ့ပတ်သက်ပြီး ဘယ်လိုစီမံခန့်ခွဲမလဲ၊ ရွာမြေ၊ ဂရန်မြေ အမည်ပေါက်တွေလည်း ရှိတယ်။ လယ်ယာလုပ်ငန်းတွေလည်း ရှိတယ်။ ဒီဒေသမှာရှိတဲ့ ဒေသခံတွေ ဖွံ့ဖြိုးဖို့အတွက် ရေးရှုပြီးလုပ်တဲ့ စီမံကိန်းပါ။ ဒေသခံတွေ မနစ်နာစေဖို့ တင်ဒါစိစစ်ရေးအဖွဲ့အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကပါ တစ်ခါတည်း ပိုမိုပြီး ပြည့်ပြည့်စုံစုံ ဖြစ်ဖို့အတွက် အသေးစိတ်စိစစ်ခဲ့တာဖြစ်တယ်။**

**လွှတ်တော်ရေးရာ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြည်ပဧည့်သည်များအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr. Daniel Zonshine အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ UNHCR မှ ဌာနေကိုယ်စားလှယ် Mr.Giuseppe de Vincentiis ဦးဆောင်သောအဖွဲ့**(ယာပုံ)**အား ယနေ့မွန်းလွဲ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

UNHCR အဖွဲ့နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသည့် UNHCR ၏ လုပ်ငန်းအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရင်းနှီးခင်မင်စွာဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်သည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# လွှတ်တော်၏ထိန်းကျောင်းတည့်မတ်ရေး တာဝန်ဘောင်အတွင်းကဆောင်ရွက်ခဲ့လျှင် လွှတ်တော်၏ဂုဏ်သိက္ခာတက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ အရေးကြီးအဆို (၁) ခု ဆွေးနွေးအတည်ပြုခြင်းနှင့် ကော်မတီ (၃) ခု ဖွဲ့စည်းအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် တင်သွင်းထားသည့် "နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငှားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သော ဆောင်ရွက်မှုများ၊ သဘောတူညီနိုင်းမှုများမပြုလုပ်ဘဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန် စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ်စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတို့ ဆွေးနွေးကြသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်က ယခုအချိန်သည် မိမိတို့နိုင်ငံ၌ ရွေးကောက်ခံအစိုးရတစ်ခုမှ အခြားရွေးကောက်ခံအစိုးရတစ်ခုသို့ အာဏာလွှဲပြောင်းရန် ပြင်ဆင်နေသည့်ကာလဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် မိမိတို့နိုင်ငံအတွက် ပထမဆုံးအတွေ့အကြုံဖြစ်ပြီး အင်မတန်နူးညံ့သိမ်မွေ့လှသည့်အတွက် ယင်းလုပ်ငန်းစဉ်ကို သိမ်မွေ့ညင်သာစွာ ပြီးစီးသွားစေရန် ညှိညှိနှိုင်းနှိုင်း အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေကြပါကြောင်း ဆွေးနွေးသည်။

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုးက ၂၀၁၆ ခုနှစ်သည် ရွေးကောက်ပွဲအနိုင်ရ ဒီမိုကရေစီအစိုးရတစ်ရပ်ကို တာဝန်လွှဲပြောင်းပေးမည့် သမိုင်းဝင်နှစ်ဖြစ်ပါကြောင်း၊ ဌာနတစ်ခုမှ တစ်ခု၊ လုပ်ငန်းတစ်ခုမှ တစ်ခု ပြောင်းလဲရသည်ပင် မလွယ်ကူပါကြောင်း၊ နိုင်ငံတော်နှင့်ချီလျှင် ပိုပြီးတာဝန်ကြီးလေးမည်ကို အားလုံးတွက်ဆပြီးဖြစ်ပါကြောင်း၊ လွှဲပြောင်းခါနီးတွင် အဆင်ပြေအေးချမ်းစွာ လွှဲပြောင်းနိုင်ရန် နိုင်ငံအလိုက် ကြိုတင်ဆောင်ရွက်ကြရသည်များရှိပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် မပြီးပြတ်သေးသည့် လုပ်ငန်းများကို နောင်အစိုးရနှင့်ညှိနှိုင်းပေးခြင်းများသည် စိတ်ထားမြင့်မြတ်ခြင်းကို ဖော်ကျူးရာရောက်ပါကြောင်း ဆွေးနွေးသည်။



မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း



ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်

မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက လွှတ်တော်၏ ထိန်းကျောင်းတည့်မတ်ရေးတာဝန်သည် အစိုးရ၏အုပ်ချုပ်ရေးအခွင့်အာဏာကို စွက်ဖက်မှုများ ရှိ၊ မရှိကိုလည်း သတိပြုရန်လိုပါကြောင်း၊ လွှတ်တော်၏ ထိန်းကျောင်းတည့်မတ်ရေး တာဝန်ဘောင်အတွင်းက ဆောင်ရွက်ခဲ့လျှင် လွှတ်တော်၏ ဂုဏ်သိက္ခာတက်လာသော်လည်း ဘောင်ကိုကျော်လွန်မိပါက လွှတ်တော်၏ဂုဏ်သိက္ခာကို ထိပါးနိုင်သဖြင့် သတိပြုသုံးစွဲသင့်ပါကြောင်း၊ လွှတ်တော်၏အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်၍ အစိုးရ၏အုပ်ချုပ်မှုအခွင့်အာဏာအားနည်းမှုဖြစ်ပါက ဥပဒေပြု၍ ထိန်းကျောင်းခြင်းဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်က လွှတ်တော်အနေဖြင့် အပြန်အလှန်ထိန်းကျောင်းခြင်းဆောင်ရွက်ရာတွင် တည်ဆဲဥပဒေနှင့်အညီ ထိန်းကျောင်းရမည်ဖြစ်ပါကြောင်း၊ အဆိုနှင့်ပတ်သက်၍ အကြောင်းအရာများသည် တိကျခိုင်မာမှုရှိရန် သတင်းအချက်အလက်များ ရယူရန်လိုအပ်သေးပါကြောင်း၊ ပြည့်စုံခိုင်မာမှုမရှိဘဲ နိုင်ငံတော်အုပ်ချုပ်ရေးတာဝန်များကို ဆောင်ရွက်နေသည့် အစိုးရလုပ်ငန်းစဉ်ကို ဝင်ရောက်ကြားဝင်စွက်ဖက်နှောင့်ယှက်သည့်သဘောမရောက်အောင်လည်း အထူးသတိပြုရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အဆိုအား စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့်နည်းဖြင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး၊ အတွင်းရေးမှူးအဖြစ် ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ရေးမဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း၊ အတွင်းရေးမှူးအဖြစ် ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော၊ အတွင်းရေးမှူးအဖြစ် ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်တို့အပါအဝင် ကော်မတီဝင် ၁၅ ဦးစီဖြင့် ဖွဲ့စည်းတာဝန်ပေးရန်နှင့် ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး အတည်ပြုသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်များစာရင်း ( ၂၆ - ၀၂ - ၂၀၁၆ )

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | နတ်တလင်း မဲဆန္ဒနယ် | ဦးခင်အေး | ဥက္ကဋ္ဌ |
| ၂။ | ရေနံချောင်း မဲဆန္ဒနယ် | ဦးသာချို(ခ) ဦးတင်ကြိုင် | အဖွဲ့ဝင် |
| ၃။ | ပင်းတယ မဲဆန္ဒနယ် | ဦးစိုးမြင့် | ״ |
| ၄။ | ဖယ်ခုံ မဲဆန္ဒနယ် | ဦးဖိုးမောင် | ״ |
| ၅။ | အလုံ မဲဆန္ဒနယ် | ဦးရဲလွင် | ״ |
| ၆။ | စဉ့်ကိုင် မဲဆန္ဒနယ် | ဒေါက်တာ ဒေါ်ကြည်မို့မို့လွင် | ״ |
| ၇။ | ဝိုင်းမော် မဲဆန္ဒနယ် | ဦးလဂန်ဇယ်ဂျူး | ״ |
| ၈။ | မင်္ဂလာဒုံ မဲဆန္ဒနယ် | ဦးအောင်လှိုင်ဝင်း | ״ |
| ၉။ | ဆွမ်ပရာဘွမ် မဲဆန္ဒနယ် | ဦးလုံဂျူဆန်မိုင် | ״ |
| ၁၀။ | ခန္တီး မဲဆန္ဒနယ် | ဦးအောင်သန်းစိန် | ״ |
| ၁၁။ | ချောက် မဲဆန္ဒနယ် | ဦးဘိုကြီး | ״ |
| ၁၂။ | လှိုင်းဘွဲ့ မဲဆန္ဒနယ် | ဦးခင်ချို | ״ |
| ၁၃။ | ကြို့ပင်ကောက် မဲဆန္ဒနယ် | ဦးဌေးမင်းသိန်း | ״ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီး ထွန်းမြတ်ရွှေ | ״ |
| ၁၅။ | ဝမ်းတွင်း မဲဆန္ဒနယ် | ဦးခင်မောင်စိုး | အတွင်းရေးမှူး |

## ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များစာရင်း ( ၂၆ - ၀၂ - ၂၀၁၆ )

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရေး မဲဆန္ဒနယ် | ဒေါက်တာဦးအောင် ထွန်းခိုင်(ခ)ဦးချိန်ဝင်း | ဥက္ကဋ္ဌ |
| ၂။ | နမ့်စန် မဲဆန္ဒနယ် | ဦးဌေးလွင်(ခ)ဦးဒီလုံး | အဖွဲ့ဝင် |
| ၃။ | ပေါက်တော မဲဆန္ဒနယ် | ဦးအောင်ကျော်ဇံ | ״ |
| ၄။ | မိုးကောင်း မဲဆန္ဒနယ် | ဦးဝင်းနိုင် | ״ |
| ၅။ | ဒီးမော့ဆို မဲဆန္ဒနယ် | ဦးပေါလ်ဆိုင်း | ״ |
| ၆။ | ရန်ကင်း မဲဆန္ဒနယ် | ဒေါ်ဇင်မာအောင် | ״ |
| ၇။ | မော်လိုက် မဲဆန္ဒနယ် | ဒေါ်ချိုချိုဝင်း | ״ |
| ၈။ | မင်းတုန်း မဲဆန္ဒနယ် | ဒေါ်ခင်သန်းနု | ״ |
| ၉။ | မြစ်သား မဲဆန္ဒနယ် | ဒေါက်တာ ဦးလင်းလင်းကျော် | ״ |
| ၁၀။ | ငါန်းဇွန် မဲဆန္ဒနယ် | ဦးမင်းသိန်း | ״ |
| ၁၁။ | သံတွဲ မဲဆန္ဒနယ် | ဦးမင်းကြည် | ״ |
| ၁၂။ | သန်လျင် မဲဆန္ဒနယ် | ဦးလွင်ကိုလတ် | ״ |
| ၁၃။ | ကြံခင်း မဲဆန္ဒနယ် | ဒေါက်တာ ဦးထွန်းလင်းမော် | ״ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီး ထွန်းသန်းအုန်း | ״ |
| ၁၅။ | ဖားကန့် မဲဆန္ဒနယ် | ဦးတင့်စိုး | အတွင်းရေးမှူး |

## ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး ဆိုင်ရာကော်မတီ အဖွဲ့ဝင်များစာရင်း ( ၂၆ - ၀၂ - ၂၀၁၆ )

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ညောင်ဦး မဲဆန္ဒနယ် | ဦးစော | ဥက္ကဋ္ဌ |
| ၂။ | မိုင်းပျဉ်း မဲဆန္ဒနယ် | ဦးစိုင်းထွန်းစိန် | အဖွဲ့ဝင် |
| ၃။ | တီးတိန် မဲဆန္ဒနယ် | ဦးကျင့်ရှင်းထန် | ״ |
| ၄။ | လဲချား မဲဆန္ဒနယ် | ဦးစိုင်းမွန်း | ״ |
| ၅။ | မြန်အောင် မဲဆန္ဒနယ် | ဦးခင်မောင်လတ် | ״ |
| ၆။ | ဗဟန်း မဲဆန္ဒနယ် | ဦးထွန်းမြင့် | ״ |
| ၇။ | ပုဇွန်တောင် မဲဆန္ဒနယ် | ဦးမြင့်လွင် | ״ |
| ၈။ | ဒေါပုံ မဲဆန္ဒနယ် | ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို | ״ |
| ၉။ | မင်းတပ် မဲဆန္ဒနယ် | ဦးနေလင်းအောင် | ״ |
| ၁၀။ | ဘီးလင်း မဲဆန္ဒနယ် | ဦးတင်ကိုကိုဦး(ခ) ဦးအတွတ် | ״ |
| ၁၁။ | ဝေါ မဲဆန္ဒနယ် | ဦးတင်ထွေး | ״ |
| ၁၂။ | ကော့သောင်း မဲဆန္ဒနယ် | ဦးခင်ဇော် | ״ |
| ၁၃။ | အိမ်မဲ မဲဆန္ဒနယ် | ဒေါ်သန္တာ | ״ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီး မင်းသန်း | ״ |
| ၁၅။ | ဒီပဲယင်း မဲဆန္ဒနယ် | ဦးဝင်းမြင့်အောင် | အတွင်းရေးမှူး |

လွှတ်တော်ရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားလွှတ်တော်နှင့် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းများ ပြင်ဆင်ဖွဲ့စည်းခြင်းကို အတည်ပြု



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ပြင်သစ်၊ ဘရူနိုင်း၊ လပ်ဗီးယား၊ ပိုလန်၊ ဘယ်လာရုစ် လွှတ်တော်များနှင့် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းများ ပြင်ဆင်ဖွဲ့စည်းခြင်းကို အတည်ပြုဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မြန်မာ-ကမ္ဘောဒီးယားလွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းကို ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း၊ အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်းတို့ဖြင့်လည်းကောင်း၊ မြန်မာ-ပြင်သစ်လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းကို ဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးခွန်သိန်းဖေတို့ဖြင့်လည်းကောင်း၊ မြန်မာ-ဘရူနိုင်းလွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းကို ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်းတို့ဖြင့်လည်းကောင်း၊ မြန်မာ-လပ်ဗီးယား လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းကို ဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်တို့ဖြင့်လည်းကောင်း၊ မြန်မာ-ပိုလန် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းကို ဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ အတွင်း ရေးမှူးအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေတို့ဖြင့်လည်းကောင်း ပါဝင်သည့်အဖွဲ့ဝင် (၁၀) ဦးစီဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် မြန်မာ-ဘယ်လာရုစ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းကို ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း၊ အတွင်းရေးမှူးအဖြစ် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်းတို့အပါအဝင် အဖွဲ့ဝင် (၁၁) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် ( ၅ / ၂၀၁၆ )
၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

**ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်း**

၁။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၅ နှင့် နည်းဥပဒေ အပိုဒ် ၇၇ တို့အရ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေသတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရမည်ဖြစ်သည်။


၂။ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေနှင့်အညီ တင်သွင်းရန် ပျက်ကွက်သူများအား အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့် မသင့် ဆုံးဖြတ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းစစ်ဆေးစေခဲ့သည်။

၃။ ရွေးကောက်ပွဲခုံအဖွဲ့များမှ ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၃(က)အရ အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ဆုံးဖြတ်၍ ကော်မရှင်သို့ အစီရင်ခံတင်ပြခဲ့ပါသည် -

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲကိုယ်စားလှယ် | လွှတ်တော်မဲဆန္ဒနယ် |
|---|---|---|---|
| ၁ | ဦးမလေဖုန် | မရှိ | ခေါင်လန်ဖူးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၂ | ဦးဘရန်ဆိုင်း | မရှိ | ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၃ | ဦးအားဖိဆဲ | မရှိ | ပူတာအိုမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၄ | ဦးလေမေဖူ | မရှိ | ခေါင်လန်ဖူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၅ | ဦးမရူယွန် | မရှိ | ဗန်းမော်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၆ | ဦးယောဟန် | မရှိ | ဗန်းမော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၇ | ဒေါ်အိအိလွင် | မရှိ | ဗန်းမော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၈ | ဦးသန်းညွန့် | မရှိ | မိုးမောက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၉ | ဦးကျော်ကျော် | မရှိ | ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၁၀ | ဦးဇော်လွင် | မရှိ | ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၁၁ | ဦးစိုင်းအုန်းလှိုင် | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကချင်ပြည်နယ် |
| ၁၂ | ဦးပေါလု | မရှိ | ဗန်းမော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၁၃ | ဦးလဇိန်အောင် | မရှိ | ဗန်းမော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၁၄ | ဒေါ်ဆိုင်းခေါန် | မရှိ | မံစီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |

စာမျက်နှာ ၁၁ သို့ ❖






**မြစ်သာမြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်း မြစ်သာမြစ်ပေါ်ရှိ ချဲ့ထွင်တူးဖော်ရမည့် မြစ်ကျဉ်း သုံးခုနှင့် သဲသောင်ခုံ နှစ်ခု တည်နေရာပြပုံ။**

**❒ ရွှေဖုံးမှ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က မြစ်ချောင်းများအခြေအနေနှင့် ထိန်းသိမ်းဆောင်ရွက်နေမှု၊ စိုက်ပျိုးရေနှင့်သုံးရေ တိုးချဲ့ပေးဝေနိုင်ရေးအတွက် ရေလှောင်တမံများ ဆောင်ရွက်မည့်အစီအစဉ်နှင့် လျှပ်စစ်ဓာတ်အားတိုးချဲ့ထုတ်လုပ်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ မြစ်သာမြစ် ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်ကြောင်းချဲ့ထွင် တူးဖော်ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စစ်ကိုင်းတိုင်းဒေသကြီးရှိ ကလေးမြို့နယ်တွင် ၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ကိုမန်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုအရှိန်ကြောင့် မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းခဲ့ပြီး မြစ်သာမြစ်နှင့် ယင်း၏ မြစ်လက်တက်များဖြစ်သော မဏိပူရမြစ်နှင့် နေရဥ္စရာမြစ်တို့တွင် ရေစီးဝင်မှုများပြားကာ ကလေးလွင်ပြင်ဒေသမှာ ရေကြီးရေလျှံမှုသဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့သည်။

ထိုကဲ့သို့ ထူးကဲမိုးရွာသွန်းမှုကြောင့် ကလေးလွင်ပြင်ဒေသမှာ ရေကြီးနစ်မြုပ်မှုများကြုံတွေ့ခဲ့ရသဖြင့် နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၁ ရက်မှ ၂၃ ရက်တွင် ကလေးနှင့် တမူးမြို့နယ်များသို့ သွားရောက်စစ်ဆေးခဲ့သည့် ခရီးစဉ်တွင် ကလေးလွင်ပြင်ရေကြီးမှုဖြစ်စဉ်နှင့် ပတ်သက်ဆက်စပ်သည့် မြစ်သာမြစ်ဝှမ်း ရေကြီးမှုကာကွယ်ရေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လမ်းညွှန်ချက်အရ ဆည်မြောင်းဦးစီးဌာနမှ စူးစမ်းလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆည်မြောင်းဦးစီးဌာန၏ ကွင်းဆင်းလေ့လာမှုများအရ ကလေးမြို့နှင့် ကလေးဝမြို့အကြား မြစ်သာမြစ်အတွင်းသို့ နေရဥ္စရာမြစ် စီးဝင်ပေါင်းဆုံသည့် နေရာ၏ အောက်ဘက်ရှိမြစ်သာမြစ်ပေါ်မှ ရေစီးရေလာ အဟန့်အတားဖြစ်စေသော မြစ်ကျဉ်း သုံးခုနှင့် သဲသောင်ခုံ နှစ်ခုတို့ကို ချဲ့ထွင်တူးဖော်နိုင်ခြင်းဖြင့် မိုးရာသီတွင် မြစ်သာမြစ်အတွင်းစီးဝင်ရေများ အားကောင်းစွာစီးထွက်နိုင်စေပြီး ရေကြီးရေလျှံမှုမှ ကင်းဝေးစေနိုင်ကြောင်း တွေ့ရှိရသဖြင့် မြစ်သာမြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်းများဖြစ်သော အကြိုပြင်ဆင်ခြင်း၊ ယာယီရေတားတမံများဖို့ခြင်း၊ မြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်ခြင်းနှင့် သဲသောင်ခုံများ တူးဖော်ဖယ်ရှားခြင်းလုပ်ငန်းများကို ကဏ္ဍအလိုက် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြစ်သာမြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်းအကြိုပြင်ဆင်မှုကို ၂၀၁၅ နှစ် အောက်တိုဘာ ၈ ရက်မှ စတင်ဆောင်ရွက်ခဲ့မှုနှင့်အတူ မြစ်ကြောင်းတစ်လျှောက်တွင် လိုအပ်သည့်ယာယီရေတားတမံများ တည်ဆောက်ပြီး မြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်ခြင်းနှင့် သဲသောင်ခုံတူးဖော်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်အထိ မြစ်ကျဉ်းများချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်း စုစုပေါင်း၏ ၆၈ ဒသမ ၈၇ ရာခိုင်နှုန်းမှာ ပြီးစီးနေပြီဖြစ်သည်။

ထိုကဲ့သို့ မြစ်သာမြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်းဖြင့် မိုးရာသီတွင် မြစ်သာမြစ်၏ ရေစီးဆင်းမှုကောင်းမွန်စေပြီး မြစ်သာမြစ်ကမ်းဘေးတစ်လျှောက်ရှိ ကလေးလွင်ပြင်ဒေသမှ ကျေးရွာများနှင့် စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်မှုမှ လျော့နည်းသက်သာစေနိုင်မည်ဖြစ်ရာ ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့အပြင် ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီး မြစ်သာမြစ်ပေါ်တွင် မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်း၊ ကလေးမြို့အနီး နေရဥ္စရာမြစ်ပေါ်တွင် ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တမံတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်သကဲ့သို့ မြစ်သာမြစ်၏ အကြီးဆုံးမြစ်လက်တက်ဖြစ်သော မဏိပူရမြစ်ပေါ်တွင် ဆောင်ရွက်ဆဲဖြစ်သည့် မဏိပူရရေလှောင်တမံစီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ မြစ်သာမြစ်ဝှမ်း၏ စီးဝင်ရေပမာဏအား အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းသိုလှောင်ပေးနိုင်မည်ဖြစ်၍ ကလေးလွင်ပြင်ဒေသမှာ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ရာဇဂြိုဟ်ရေလှောင်တမံသို့ရောက်ရှိပြီး ရေပိုလွှဲ၊ ပင်မတမံ၊ ကုန်းကျောတမံများ၊ ရေထုတ်မြောင်းမကြီးနှင့် ရေအားလျှပ်စစ်စက်ရုံတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

**✪ မန်းရွှေစက်တော်မှ**

၁၂၀၀၀၀ ဧကပေရှိရာ၊ ယခု ၁၀၃၁၅၀ ဧကပေရှိနေပြီး ကန်ရေပြည့်ရောက်ရန် ၁၆၈၅၀ ဧကပေလိုနေသေးပါတယ်။ မန်းချောင်းတမံမှတစ်ဆင့် စိုက်ပျိုးရေတွေကိုလည်း နေ့စဉ်ထုတ်လွှတ်ပေးနေတာကြောင့် မန်းချောင်းရေကြီးပြီး ဘုရားပွဲတော်ကွင်း ရေလွှမ်းမိုးမှုဆိုတာ လုံးဝမဖြစ်နိုင်တဲ့အရာပါ” ဟု မင်းဘူးခရိုင် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်းက ပြောသည်။

“မန်းရွှေစက်တော်ရာဘုရား ရေကြီးနိုင်တယ်ဆိုတဲ့ကိစ္စမှာ မြစ်ကြီးနားဘက်ရေကြီးတာကနေ ဧရာဝတီမြစ်ရေမှတစ်ဆင့် မင်းဘူးမြို့ကို စိုးရိမ်ရေအမှတ်ရောက်နိုင်တယ်လို့ ကြေညာထားတာရှိတယ်။ မင်းဘူးမြို့ရဲ့ စိုးရိမ်ရေအမှတ်က ၁၇၆၀ စင်တီမီတာ၊ ယခုလက်ရှိက ၅၄၈ စင်တီမီတာ၊ စိုးရိမ်ရေအမှတ်ရောက်ဖို့က ၁၂၁၂ စင်တီမီတာ လိုသေးတယ်။ ဧရာဝတီမြစ်ရေတက်လာလည်း မန်းချောင်းမှတစ်ဆင့် မန်းရွှေစက်တော်ရာဘုရားပွဲတော်ကွင်းအထိ ဆန်တက်လာနိုင်စရာ အကြောင်းမရှိပါဘူး။ မန်းချောင်းရေ ဆန်တက်တယ်ဆိုတာလည်း တစ်ခါမှမကြုံဖူးပါဘူး။ ဒါကြောင့် facebook များက ဖော်ပြနေတာတွေကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ယုံမှားသံသယ မဖြစ်ကြပါနဲ့ ဘုရားပွဲတော်ကြီးကို မီးသတ်အင်အား ၅၈ ဦး၊ ကြက်ခြေနီ ၁၂ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၇၉ ဦးတို့ဖြင့် နေ့၊ ည မပြတ် မီးဘေး၊ ရေဘေးလုံခြုံရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးတွေကို စီမံဆောင်ရွက်ထားရှိပြီးလည်း ဖြစ်ပါတယ်။ စိတ်အေးချမ်းသာစွာ မန်းချောင်းရေချိုး၍ ရေကစားနိုင်ရန် မန်းချောင်းအကျယ် ပေ ၈၀၊ အနက်နှစ်ပေမှ သုံးပေထိရှိပြီး အန္တရာယ်ဖြစ်စေနိုင်သော ရေဝဲနေရာများကိုလည်း ကန့်သတ်နယ်မြေအဖြစ် လုံခြုံစွာကာရံထားရှိကာ သတိပေးဆိုင်းဘုတ်များလည်း ကြေညာထားပြီးဖြစ်ပါတယ်။ ယခုလည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနဲ့ ပုံမှန်အတိုင်း စည်ကားလျက်ရှိပြီး အေးချမ်းတည်ငြိမ်စွာ ဘုရားပွဲတော်ကြီးကို နှစ်ဆန်း(၁)ရက်နေ့အထိ ကျင်းပသွားမှာ ဖြစ်ပါတယ်”ဟု မန်းရွှေစက်တော်ဂေါပကအဖွဲ့ အထွေထွေစီမံ ဦးစိုးတင့်က ပြောသည်။

တစ်နှစ်မှတစ်ခါ၊ ရက်ရှည်ထူးခြားစွာ ကျင်းပမြဲဖြစ်သော အညာမြေ မင်းဘူးမြို့မှ မန်းရွှေစက်တော်ရာ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကျင်းပသည့်ရက်များနှင့် ကြုံကြိုက်သည့်အခိုက် မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာမြတ် နှစ်ဆူကို စိတ်အေးချမ်းသာစွာဖူးမြော်၍ တောတောင်သဘာဝ ရှုခင်းအလှများနှင့် ရိုးရာဓလေ့ အထူးအဆန်းများကို ကြည့်ရှုလေ့လာရင်းဖြင့် နမ္မဒါမန်းချောင်းရေ အေးအေးလေးမှာ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ကြပါရန် တစ်ခေါက်တစ်ခါလောက် လာရောက်လှည့်ကြပါဟု နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

**တင်ထွန်းဦး(မင်းဘူး)**

# တိုင်းရင်းဆေးပညာဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းရင်းဆေးရုံကြီး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) တို့ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးပွဲကို ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ရန်ကုန်တိုင်းရင်းဆေးရုံကြီး၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို)ဒုတိယဥက္ကဋ္ဌ ဦးပေါ်ညိမ်းနှင့် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးသောင်းနိုင်တို့က ဆောင်ရွက်ကြပြီး အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းရင်းဆေးသမားတော်ကြီး ဦးထင်ကျော်(လှည်းကူး)က သွေးချိုဆီးချိုရောဂါနှင့် တိုင်းရင်းဆေးပညာခေါင်းစဉ်ဖြင့် စာတမ်းကို ဖတ်ကြားဆွေးနွေးရာ တက်ရောက်လာကြသည့် တိုင်းရင်းဆေးဆရာကြီးများနှင့် တိုင်းရင်းဆေးရုံမှ ဝန်ထမ်းများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ **(ကြေးမုံ)**



**❖ Horizon အသင်းမှ**

ရံဖန်ရံခါသာ ထိုးဖောက်နိုင်ခဲ့သည်။ ၆၆ မိနစ်တွင် ချင်းယူနိုက်တက်အသင်း အနိုင်ဂိုးရခဲ့ပြီး တန်ပြန်တိုက်စစ်မှတစ်ဆင့် ရမ်လာကျဲက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ Horizon အသင်း ချေပဂိုးပြန်ရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

**ယနေ့ပွဲ**

| | |
|---|---|
| **(တောင်ကြီးကွင်း)** | **ရှမ်းယူနိုက်တက်-ရတနာပုံ** |
| **(သုဝဏ္ဏကွင်း)** | **ဟံသာဝတီ-ဇေယျာရွှေမြေ** |
| **(အောင်ဆန်းကွင်း)** | **Southern-ရန်ကုန်** |

# မြစ်သာမြစ်ကျဉ်း ချဲ့ထွင်တူးဖော်ခြင်း မှတ်တမ်းဓာတ်ပုံများ



သောင်ခုံ(၂) တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။



သောင်ခုံ(၁) တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။



မြစ်ကျဉ်း(၂) တူးဖော်ခြင်းလုပ်ငန်းတွင် မိုင်းခွဲဆောင်ရွက်နေစဉ်။



မြစ်ကျဉ်းအား ဝေဟင်မှ တွေ့ရစဉ်။

မြစ်သာမြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်းဖြင့် မိုးရာသီတွင် မြစ်သာမြစ်၏ ရေစီးဆင်းမှုကောင်းမွန်စေပြီး မြစ်သာမြစ်ကမ်းဘေးတစ်လျှောက်ရှိ ကလေးလွင်ပြင်ဒေသမှ ကျေးရွာများနှင့် စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်မှုမှ လျော့နည်းသက်သာစေနိုင်မည်ဖြစ်ရာ ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်။



မြစ်ကျဉ်း(၃) တူးဖော်ခြင်းလုပ်ငန်းတွင် မိုင်းခွဲရန် လွန်တူးနေစဉ်။



မြစ်ကျဉ်း(၁) တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

## ပြည်တွင်းရေးရာ

○ကျောဖုံးမှ

**မေး။ ။ဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ ပထမဆုံး ရှင်းလင်းပြောကြားပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လျှပ်စစ်ဓာတ်အားဘယ်လောက် သုံးနိုင်သလဲ၊ လူတိုင်းလျှပ်စစ်ဘယ်လောက်သုံးနိုင်သလဲဆိုတဲ့အပေါ်မှာ အခြေခံပြီး ကမ္ဘာပေါ်မှာ အများစု သတ်မှတ်ထားတာရှိပါတယ်။

မြန်မာနိုင်ငံမှာဆိုရင် လူတစ်ယောက် လျှပ်စစ်သုံးစွဲမှုဟာ ၂၂၂ ကီလိုဝပ်ပဲ ရှိပါတယ်။ အမေရိကန်မှာ ကီလိုဝပ် ၁၃၀၀၀ လောက်သုံးနိုင်တဲ့ အခြေအနေရှိတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေကို သုံးသပ်လို့ရပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာတောင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု နည်းပါးနေသေးတာ တွေ့ရပါတယ်။ ဖွံ့ဖြိုးမှုနိမ့်ကျနေတယ်လို့ ပြောလို့ရပါတယ်။

ဒါကိုသိလို့ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးကို အခြေခံအချက်အဖြစ်နဲ့ ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ ဦးစားပေးလုပ်ငန်းစဉ်တွေထဲမှာလည်း နံပါတ်တစ်အနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။

လျှပ်စစ်က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ပြန့်တာမို့ ထုတ်လုပ်မှုနဲ့ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှုပိုင်းဆိုင်ရာ အချက်သုံးချက်ကို ဟန်ချက်ညီဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ အဲဒီမှာ နိုင်ငံတစ်နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားရရှိမှုဟာ ကုန်ကျစရိတ်က အဓိကအချက်ဖြစ်ပါတယ်။

၂၀၁၀-၂၀၁၁ ခုနှစ်မှာ လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ ၁၇၇ ဘီလီယံ သုံးစွဲခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ၅၉၃ ဘီလီယံအထိ တိုးတက်ရင်းနှီးမြှုပ်နှံခဲ့တဲ့အတွက် ဒီငါးနှစ်အတွင်းမှာ နိုင်ငံတော်က သုံးဆကျော် ရင်းနှီးမြှုပ်နှံပေးပါတယ်။

အဲဒီမှာ တပ်ဆင်စက်အင်အားမှာဆိုရင် ၂၀၁၀-၂၀၁၁ ခုနှစ်မှာ မဂ္ဂါဝပ် ၃၄၀၀ ခန့် ရှိရာကနေ ၂၀၁၅-၂၀၁၆ ခုနှစ်ရောက်တဲ့အခါ ၅၀၈၉ မဂ္ဂါဝပ်အထိ တိုးမြင့်လာခဲ့ပါတယ်။ အဲဒါကြောင့် တပ်ဆင်စက်အင်အား တစ်ဆခွဲလောက် တိုးလာတယ်လို့ ပြောလို့ရပါတယ်။

ပြည်သူတွေဆီ လျှပ်စစ်ဓာတ်အားရောက်ရှိမှုမှာ ပြည်သူတွေသုံးတဲ့ လျှပ်စစ်ယူနစ်ဟာ တစ်တိုင်းပြည်လုံးကိုပေးတဲ့ ဓာတ်အားက ၂၀၁၀-၂၀၁၁ ခုနှစ်မှာ သန်းပေါင်း ၈၀၀၀ ကျော်ရှိပါတယ်။ ၂၀၁၅ ဒီဇင်ဘာလအထိ တွက်ချက်ထားတာကတော့ ၁၀၀၀၀ ကျော်သွားပါပြီ။ ကျန်တဲ့သုံးလပါ ပေါင်းလိုက်ရင်သန်းပေါင်း ၁၆၀၀၀ ယူနစ်သန်းဖြစ်လာမှာပါ။ အဲဒါကြောင့် ဒီကာလမှာ နှစ်ဆလောက်တိုးတက်ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။

ထုတ်တာကနေ ပို့လွှတ်တာရဲ့ကြားမှာ မဟာဓာတ်အားလိုင်းတွေ တည်ဆောက်ရပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ မိုင် ၃၀၀၀၀ လောက်ပဲရှိတာကနေ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ မိုင် ၄၀၇၀၀ အထိရှိသွားပါပြီ။ ဒါလည်း တစ်ဆခွဲလောက်တိုးလာခဲ့တယ်။ အခုဒီကာလအတွင်းမှာ မြို့ပေါင်း ၃၃ မြို့ကို နည်းမျိုးစုံနဲ့ပေးတဲ့ အစီအစဉ်ကနေ နိုင်ငံတော်ဓာတ်အားစနစ်ကနေ မီးပေးနိုင်တဲ့အဆင့် ရောက်လာပါတယ်။

ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိတဲ့အနက် ကျေးရွာပေါင်း ၁၅၀၀၀ လောက် ဒီငါးနှစ်အတွင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ လျှပ်စစ်ကဏ္ဍက ငါးနှစ်စာပဲ လုပ်ရတဲ့အလုပ် မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးအရေးဖြစ်တာမို့ National Electricity Master Plan ကို လုပ်ရပါတယ်။

၂၀၁၂ ခုနှစ်ကတည်းက JICA နဲ့ တွဲလုပ်ခဲ့တာပါ။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ မဂ္ဂါဝပ် ၅၀၀၀၀ ကျော်ပဲရှိပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ ဘယ်လောက်လိုမလဲဆိုရင် တပ်ဆင်စက်အင်အားအနေနဲ့ မဂ္ဂါဝပ် ၂၃၅၀၀ လောက် လိုအပ်မှာ ဖြစ်ပါတယ်။

အဲဒါကြောင့် နောက်ထပ် လေးဆလောက်တွန်းတွန်းတိုက်တိုက်လုပ်ရပါဦးမယ်။ အခြေခံဘယ်လောက်လုပ်သင့်လဲဆိုတာ စဉ်းစားဖို့လိုပါတယ်။ တစ်နှစ်တစ်နှစ်ကို မဂ္ဂါဝပ် ၄၀၀ ကနေ မဂ္ဂါဝပ် ၈၀၀ လောက်အထိ တိုးတိုးပြီး မတပ်ဆင်နိုင်ရင် ကျွန်တော်တို့ရဲ့ Plan ဟာ ပြည့်မီမှာမဟုတ်ပါဘူး။

၂၀၃၀ ပြည့်နှစ်မှာ ဓာတ်အားဘယ်လောက်လိုမလဲ၊ လိုတဲ့ဓာတ်အားကို ဘယ်လိုပို့မှာလဲ ဆိုတာက အဓိကပါ။ နောက်ထပ် Plan တစ်ခုကတော့ တစ်နိုင်ငံလုံးဓာတ်အား ဖြန့်ဖြူးရေးစီမံချက် National Electrification Plan ဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်နဲ့ ပူးတွဲဆောင်ရွက်တာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ရောက်နေတဲ့ နေရာတွေကနေ အမြန်ဆုံး ဓာတ်အားလိုင်းတွေ တိုးချဲ့ပြီး ကျေးရွာတွေအရောက် မီးဖြန့်ဖြူးဖို့ ဖြစ်ပါတယ်။ လက်ရှိမှာ တစ်နိုင်ငံလုံးရဲ့ ၃၃ ရာခိုင်နှုန်းလောက်ပဲ ဓာတ်အားရရှိသေးပါတယ်။ လုပ်ရမယ့်အလုပ်က ၁၀၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံးမီးရမယ်လို့ ဒီ Electrification Plan ကနေပြီးတော့ မျှော်မှန်းပြီး ရေးဆွဲထားတာဖြစ်ပါတယ်။

အိမ်ထောင်စုအရေအတွက်က သန်းခေါင်စာရင်းအရ ၁၀ ဒသမ ၈၉ သန်းရှိပါတယ်။ အခုလောလောဆယ် ၃ ဒသမ ၃၅ သန်းပဲ မီးရသေးပါတယ်။ အဲဒါကြောင့် ဘက်ပေါင်းစုံကနေ တွန်းတွန်းတိုက်တိုက် လုပ်ရပါဦးမယ်။

**မေး။ ။လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှာ အရင်းအမြစ်မျိုးစုံကို စနစ်တကျ အသုံးပြုပြီး ထုတ်လုပ်ပေးမှ တည်ငြိမ်တဲ့ဓာတ်အား၊ အရည်အသွေးပြည့်ဝတဲ့ဓာတ်အားရမယ်လို့ ဒုတိယဝန်ကြီး လွှတ်တော်မှာ ရှင်းပြခဲ့တယ်ဆိုတာ သိပါတယ်။ အဲဒီထဲမှာ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံတွေလည်းပါနေပါတယ်။ ဘာကြောင့် ကျောက်မီးသွေးစက်ရုံတွေ တည်ဆောက်ရတယ်ဆိုတာရယ်၊ ဘယ်လိုစီမံဆောင်ရွက်နေသလဲဆိုတာရယ် ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ အရင်းအမြစ်မျိုးစုံကိုမသုံးရင် ဓာတ်အားခဈေးနှုန်းပြဿနာရှိပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမှာလည်း မညီမျှမှုတွေရှိလာမယ်။ ဓာတ်အားတည်ငြိမ်မှုကိုလည်း အနှောင့်အယှက်ပေးမယ်။ ဒီနေ့ထုတ်နေတဲ့ လျှပ်စစ်ဓာတ်အားရဲ့ ၆၃ ရာခိုင်နှုန်းဟာ ရေအားလျှပ်စစ်က ရရှိနေတာ ဖြစ်ပါတယ်။ ရေအားလျှပ်စစ်က ရာသီဥတုနဲ့ဆိုင်ပါတယ်။ ရေလှောင်ကန်မှာရေနည်းသွားရင် ချွေတာသုံးရပါတယ်။ ချွေတာသုံးတော့ တချို့နေရာတွေမှာ မီးပြတ်တာတွေရှိတော့ လူတွေက အဲဒါအပေါ်မှာ အားမလိုအားမရ ဖြစ်ကြပါတယ်။



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး။**

သဘာဝဓာတ်ငွေ့က ၃၂ ရာခိုင်နှုန်း ရရှိပါတယ်။ ကျောက်မီးသွေးစက်ရုံကလည်း တီကျစ်မှာ တစ်ရုံပဲရှိပါတယ်။ ဘက်ပေါင်းစုံပြုပြင်ရေးတွေလုပ်နေရတော့ ရပ်ထားရပါတယ်။ အဲဒီတော့ ရေအားလျှပ်စစ်က နွေရာသီမှာ ဒုက္ခရောက်ပါတယ်။ မြန်မာနိုင်ငံကို ၂၀၃၀-၂၀၃၁ ခုနှစ်လောက်မှာ ဘယ်လိုအရင်းအမြစ်တွေနဲ့ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးမယ်ဆိုတာ အစီအစဉ်ရေးဆွဲခဲ့ပါတယ်။

ဈေးနှုန်းသက်သာရမယ်၊ အရင်းအမြစ်ရှိရမယ်၊ တည်ငြိမ်ရမယ်၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရ၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် လုပ်ရမယ်။ ဒါတွေကို အခြေခံလိုက်တော့ ရေအားလျှပ်စစ်ကို ၃၈ ရာခိုင်နှုန်းလောက် ပါဝင်ပတ်သက်ခိုင်းမယ်။ ကျောက်မီးသွေးကိုလည်း ၃၀ ရာခိုင်နှုန်းကျော်လောက် ဝင်ပါပေးမှ တည်ငြိမ်တဲ့ဓာတ်အားရရှိပါမယ်။ ဓာတ်ငွေ့ကလည်း ၂၀ ရာခိုင်နှုန်းလောက်ပါမယ်။ ကျန်တဲ့လေအား၊ နေအား၊ စွန့်ပစ်အမှိုက်တွေက ၂၀ ရာခိုင်နှုန်းလောက်ရအောင် ထုတ်လုပ်ပေးရပါမယ်။

အဲဒါတွေပေါင်းလိုက်တာတောင်မှ မဂ္ဂါဝပ် ၂၃၀၀၀ ရအောင် ထုတ်လုပ်ရမှာပါ။ အဲဒီလောက်တပ်ဆင်စက်အင်အားရှိဖို့ လိုအပ်တဲ့အတွက် ဒီအချိုးနဲ့ မလုပ်ဘဲ အရင်းအမြစ်တစ်ခုကို သွားအားပေးပြီး သက်သာရင်ပြီးရော၊ ဈေးနှုန်းသက်သာရင်ပြီးရော မတည်ငြိမ်ရင်နေပါစေဆိုပြီး မရပါဘူး။

မဂ္ဂါဝပ် ၂၃၀၀၀ ကျော်ရှိရမယ့် တပ်ဆင်စက်အင်အားမှာ ကျောက်မီးသွေးကို ၇၀၀၀ ကျော် ၈၀၀၀ လောက် ထိန်းထားဖို့လိုပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ထုတ်နေတဲ့ ဓာတ်ငွေ့တွင်းတွေဟာ လျော့လာပါပြီ။ နောက်ထပ်တွင်းအသစ်တွေ့မှ ကျွန်တော်တို့နိုင်ငံအခြေအနေကောင်းပါမယ်။ နောက်ထပ်တွင်းအသစ်လည်း တူးနေပါတယ်။

အရင်က ဓာတ်အားပေးစက်ရုံတွေက အိုဟောင်းလာတာလည်းရှိပါတယ်။ အသစ်တွေပြန်လဲဖို့လည်း ရှိပါတယ်။ ဒါနဲ့အပြိုင် ကျောက်မီးသွေးစက်ရုံကို နှစ် ၂၀၊ ၂၅ နှစ်လောက် လုပ်ကိုင်ခွင့်ပေးပြီးတော့ နည်းပညာအမြင့်နဲ့ သင့်တော်တဲ့နေရာတွေမှာ ဓာတ်အားကို တည်ငြိမ်အောင်ထိန်းချင်တယ်။ ဈေးနှုန်းကိုလည်း တည်ငြိမ်အောင် ထိန်းချင်တယ်။

သူများနိုင်ငံတွေမှာ ကျောက်မီးသွေးစက်ရုံတွေဖျက်နေပြီဆိုတာလည်း မဟုတ်ပါဘူး။ ကျွန်တော်တို့က ကျောက်မီးသွေးကနေထုတ်တာ မဂ္ဂါဝပ် ၁၂၀ ဆိုတော့ သုံးရာခိုင်နှုန်းပဲ ရှိပါသေးတယ်။ ၃၀ ရာခိုင်နှုန်းလောက် တိုးချင်တာ။ တချို့နိုင်ငံတွေဆို ကျောက်မီးသွေးကနေထုတ်လုပ်တဲ့ လျှပ်စစ်ဓာတ်အားကို လျှော့ချင်ပေမယ့် ၅၀ ရာခိုင်နှုန်းအောက်လျှော့ဖို့ကို သူတို့တွေ မလွယ်ကူပါဘူး။

တစ်နိုင်ငံလုံးဓာတ်အားကို အကြီးကြီးထမ်းထားရတာဆိုတော့ ပျမ်းမျှပြောရရင် ကမ္ဘာပေါ်မှာ ကျောက်မီးသွေးက တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ တစ်ကမ္ဘာလုံး ထုတ်နေတဲ့ ဓာတ်အားရဲ့ ၄၀ ရာခိုင်နှုန်းလောက်အထိရှိပါတယ်။

တစ်နိုင်ငံလုံးမှာ ရေအားလျှပ်စစ်က အရှေ့ခြမ်းနဲ့ အရှေ့မြောက်ခြမ်းကပဲ ဆင်းလာနေတာပါ။ တစ်နိုင်ငံလုံးကို အဲဒီနေရာတွေကပဲ ပို့ရရင် ဧရာမဓာတ်အားလိုင်းတွေ တည်ဆောက်မှ ပို့လို့ရပါမယ်။

LOAD ကို Distribution လုပ်တဲ့အနေနဲ့ အောက်ဘက်မှာလည်း ရှိရပါမယ်။ ကလေးဝဘက်မှာလည်း ရှိရပါမယ်။ ကျိုင်းတုံဘက်မှာလည်း ရှိသင့်ပါတယ်။ အဲဒါကြောင့် စက်ရုံတွေ တည်ဆောက်တာ ဖြစ်ပါတယ်။ ရေးမှာလုပ်ဖို့ရှိပါတယ်။ လောင်းလုံးနဲ့ ကလေးဝမှာရှိပါတယ်။ ငရုပ်ကောင်း၊ ကျောက်တန်းမှာ ရှိပါတယ်။ နောက်ဆုံးတစ်ခုကတော့ သီလဝါပါ။ သီလဝါကို ထိန်းဖို့ပုံမှန် ၂၄ နာရီအလုပ်ရုံတွေနဲ့ လုပ်ရမှာဖြစ်လို့ သီလဝါမှာလည်း ထိုက်သင့်တဲ့မဂ္ဂါဝပ်နဲ့ သူ့ကို မောင်းပေးဖို့ လိုပါတယ်။

ဘယ်အဆင့်ရောက်နေပြီလဲဆိုရင်တော့ နားလည်မှုစာချွန်လွှာအဆင့်ပဲရှိသေးတယ်။ နောက်တက်လာမယ့် အစိုးရက လုပ်သင့်ရင်လုပ်ပါ။ မလုပ်သင့်ဘူးဆိုရင်လည်း သဘောပါပဲ။ နိုင်ငံခြားကဝယ်တဲ့ဓာတ်အားဆိုတာ နိုင်ငံခြားကို အမြတ်ပေးပြီး သုံးရတာပါ။

ကိုယ့်ဆီကအလုပ်သမားတွေလည်း အလုပ်အကိုင်အခွင့်အလမ်းမရဘူး။ နည်းပညာလည်းမရဘူး။ ဒေသဖွံ့ဖြိုးရေးလည်း မရဘူး။ ဘာရမလဲဆိုတော့ မီးရတာနဲ့ မီးပေါ်မှာအခြေခံပြီး စီးပွားရေးလုပ်လို့ပဲရပါမယ်။ ကိုယ့်နိုင်ငံအတွင်းမှာ ရေအားလျှပ်စစ် စက်ရုံတွေနဲ့ ကျောက်မီးသွေးစက်ရုံတွေ တည်ဆောက်ရင် နည်းပညာ၊ အလုပ်အကိုင် အခွင့်အလမ်းတွေရပါမယ်။

ကိုယ့်နိုင်ငံထဲမှာရှိလို့ ကိုယ့်စီမံခန့်ခွဲမှုနဲ့ ဆုံးဖြတ်နိုင်ပါတယ်။ တရုတ်ပြည်ဆို နှစ်ပေါင်း ၄၀၊ ၅၀ လောက်က ကျောက်မီးသွေးစက်ရုံတွေတည်ထားပါတယ်။ ၇၉ ရာခိုင်နှုန်းလောက်ထိတည်ရှိခဲ့ပါတယ်။ ရုတ်တရက်တော့ သဘာဝပတ်ဝန်းကျင်ထိခိုက်တယ်။ ဒါပေမယ့် တရုတ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေဟာ ကောင်းလာပြီဖြစ်လို့ လျှော့ချတာ ဖြစ်ပါတယ်။

အဲဒါကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံတွေကို သွားပြီးတော့ သူတို့လုပ်သလို ကျွန်တော်တို့ နိုင်ငံအနေနဲ့ လုပ်ဖို့မလိုပါဘူး။ သူတို့ဘယ်တုန်းက ဘာလုပ်ခဲ့တယ်ဆိုတာ ပြန်ကြည့်ပြီးတော့မှ လုပ်သင့်ပါတယ်။ သူ့နိုင်ငံဘာလုပ်နေတယ်ဆိုတာကြည့်ပြီး ငါဘာလုပ်ချင်တယ်ဆိုလို့မရပါဘူး။ ဘက်စုံအခြေအနေကို ကြည့်ပြီးမှ သုံးသပ်ပြီးလုပ်ဖို့ပဲ တင်ပြလိုပါတယ်။

**မေး။ ။ရေအားလျှပ်စစ်အရင်းအမြစ်တွေလည်း နိုင်ငံထဲမှာ ပေါကြွယ်ဝတယ်လို့ ဒုတိယဝန်ကြီး လွှတ်တော်ထဲမှာ ရှင်းတာတွေ့ရပါတယ်။ ရေအားလျှပ်စစ်တွေလုပ်ဖို့ ရည်ရွယ်ထားတဲ့အထဲက သံလွင်မြစ်ပေါ်မှာ ဆောင်ရွက်မယ့် စီမံကိန်းတွေကို ပြည်သူတွေ စိတ်ဝင်စားကြတော့ ဘယ်လိုစီမံဆောင်ရွက်နေတယ်ဆိုတာ နည်းနည်းလောက် ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။သံလွင်မြစ်ပေါ်မှာ ရေအားလျှပ်စစ်စီမံကိန်းတွေလုပ်တယ်လို့ ပြောကြပါတယ်။ တစ်ခုမှ မလုပ်ရသေးပါဘူး။ ကွမ်းလုံစီမံကိန်းပဲ ၁၄၀၀ မဂ္ဂါဝပ်ကို တမံကလည်း ပြည်တွင်းမှာရှိတဲ့ တမံတွေရဲ့ ပျမ်းမျှအမြင့်လောက်ပဲရှိတဲ့ တမံအမြင့်လေးပါ။

သံလွင်မြစ်ကြီးကို နှစ်စဉ်စီးဝင်ရေအကုန်လုံးရဲ့ တစ်ရာခိုင်နှုန်းတောင်မှ မရှိတဲ့ရေကို Operate လုပ်ပြီး လှောင်ထားပြီးတော့လုပ်တဲ့ စီမံကိန်းပါ။ ရေလှောင်ကန် ပမာဏ အများကြီးလည်းမရှိပါဘူး။ ဒီကွမ်းလုံစီမံကိန်းတစ်ခုပဲ JV လုပ်ဖို့ လက်မှတ်ရေးထိုးထားတာရှိပါတယ်။ နောက်ထပ်သံလွင်မြစ်ပေါ်မှာ လေးခုရှိပါတယ်။ သူ့ရဲ့လက်တက်ပေါ်မှာ တစ်ခုရှိပါတယ်။ သံလွင်မြစ်ပေါ်မှာ ခြောက်ခုရှိတယ်ဆိုတာ မဟုတ်ပါဘူး။ တစ်ခုပဲ JV ဖြစ်ပြီးတော့ ကျန်တာတွေက MoU၊ MoA အဆင့်ပဲရှိပါသေးတယ်။

**မေး။ ။ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်တဲ့ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းမှာ တင်ဒါမခေါ်ဘဲ လုပ်ငန်းအပ်နှံလိုက်တယ်လို့ မကြာမီက ကြားသိရတဲ့အပေါ်မှာရော ဒုတိယဝန်ကြီးအနေနဲ့ ရှင်းပြပေးနိုင်မလားခင်ဗျာ။**

ဖြေ။ ။ ရေအားလျှပ်စစ်ရဲ့ လုပ်ငန်းသဘာဝက ဝေးလံတဲ့ တောတောင်တွေမှာ သွားဆောင်ရွက်ရပါတယ်။ မြစ်ထဲချောင်းထဲမှာ လုပ်ရပါတယ်။ ဥမင်လိုဏ်တွေ တူးရပါတယ်။ ဧရာမပိုက်လုံးကြီးတွေ တပ်ဆင်ရပါတယ်။ တမံလုပ်ငန်းတွေဆိုရင်လည်း ရေထဲချောင်းထဲမှာ ဆင်းပြီးလုပ်ရပါတယ်။ စက်ရုံတွေတည်တော့လည်း မြေပေါ်မြေအောက်လုပ်ရပါတယ်။

ရေပိုလွှဲဆိုလည်း အကြီးကြီးတွေလုပ်ရပါတယ်။ အဲဒီမှာ လူတော်တော်များများ လုပ်နိုင်တဲ့ အနေအထားမရှိပါဘူး။ အဲဒါကြောင့် အထက်ကျိုင်းတောင်းမှာ နိုင်ငံတော်က လုပ်နေတဲ့ အလုပ်ရှိပါတယ်။ အဲဒီအလုပ်ကို နိုင်ငံတော်ကလည်း ကြီးကြပ်ပေး။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှာ ကိုယ်ပိုင်စက်တွေ၊ ဒီဇိုင်နာတွေ စသဖြင့် အများကြီးရှိပါတယ်။

ဒါပေမယ့် အင်နဲ့အားနဲ့ လုပ်ဖို့လိုအပ်နေတဲ့ အထက်ကျိုင်းတောင်းစီမံကိန်းမှာ စနစ်တကျ သေချာကန်ထရိုက်ပေးချင်တယ်။ လုပ်ငန်းအတွေ့အကြုံရှိတဲ့သူကိုပေးချင်တယ်။ ဈေးနှုန်းကိုလည်း စိစစ်ပြီး ကန်ထရိုက်ပေးချင်တယ်။ ဒီလိုအခြေအနေအပေါ်မှာ မူတည်ပြီး စဉ်းစားတဲ့အခါ တင်ဒါခေါ်တဲ့နည်းစနစ်က နှစ်မျိုးရှိပါတယ်။ ကမ္ဘာပေါ်မှာလုပ်နေတာ ဖြစ်ပါတယ်။

ကျွန်တော်တို့တစ်နိုင်ငံထဲမှာ လုပ်နေတာမဟုတ်ပါဘူး။ Open Tender နဲ့ Limited Tender ဆိုပြီး နှစ်ခုရှိပါတယ်။ အဲဒီနှစ်မျိုးမှာ အခြေအနေနဲ့ အချိန်အခါအပေါ်မူတည်ပြီး ဆုံးဖြတ်ပါတယ်။ လုပ်ငန်းကျွမ်းကျင်သူလည်း သိပ်မရှိတော့ Limited Tender ပဲခေါ်လိုက်တာပါ။

လူတွေက ပြောချင်တာက လက်သိပ်ထိုးကန်ထရိုက်ပေးတယ်လို့ ပြောချင်တာ။ Limited Tender ကို ကမ္ဘာက အသိအမှတ်ပြုပါတယ်။ ဒါပေမယ့် ကုမ္ပဏီတစ်ခုတည်းပေးချင်တာကို အဲဒီကုမ္ပဏီပဲခေါ်လိုက်တယ်ဆိုရင်တော့ ဘယ်တရားမလဲ။ အဲဒါကြောင့် စိစစ်ဖို့လုပ်တဲ့အခါမှာ ကုမ္ပဏီခြောက်ခုထဲက လုပ်ငန်းအတွေ့အကြုံရှိတဲ့ ကုမ္ပဏီတွေကို Limited Tender ခေါ်လိုက်ပါတယ်။

ရွေးတဲ့အခါမှာလည်း အခြေခံနှစ်ခုရှိပါတယ်။ Limited ခေါ်လိုက်ခြင်းအားဖြင့် အချိန်တိုသွားတယ်။ အချိန်သက်သာပေမယ့် ကျွမ်းကျင်မှုကိုလည်းစိစစ်ဖို့လိုလာပြီ။ ဒီကုမ္ပဏီတွေထဲမှာ ဘယ်သူကအကောင်းဆုံးလဲဆိုတာ။ အဲဒီလိုစိစစ်တော့ အမှတ်ပေးစည်းမျဉ်းလိုလာတယ်။ ကျွမ်းကျင်မှုဆိုင်ရာကို ၇၀၊ ဈေးနှုန်းစိစစ်တာကို ၃၀ စသဖြင့် ဈေးနှုန်းက တအားအရေးမကြီးဘူး။ လုပ်ငန်းမကျွမ်းကျင်ရင် နောင်ပြဿနာပေါ်မှာ ဖြစ်လို့ အပြည်ပြည်ဆိုင်ရာမှာလည်း ဒီစနစ်ကို ကျင့်သုံးပါတယ်။ တကယ်လို့ ကျွမ်းကျင်မှုဆိုင်ရာသိပ်အရေးမကြီးဘူးဆိုရင်တော့ ၅၀ ဖြစ်ရင်ဖြစ်မှာပေါ့။ ဒါပေမယ့် ဒီနေရာမှာတော့ ရေအားလျှပ်စစ်သဘာဝအရ ဘေးကင်းဖို့နဲ့ ကျွမ်းကျင်ဖို့ကို အဓိကထားတာပါ။

နောက်ဆုံးတစ်ခုက Quality Control ပါ။ လုပ်ငန်းအတွေ့အကြုံနဲ့ ခန့်ထားတဲ့သူတွေရဲ့ အရည်အချင်းပါ။ ကျွမ်းကျင်မှုအချက် ၁၀ ချက်ပေါ်မှာပဲ အမှတ်ပေးတာပါ။ ကျွမ်းကျင်မှုကို ၁၀၀ ပေးထားပေမယ့် ၆၀ တောင် မပြည့်တဲ့သူဆိုရင် ပယ်ပစ်လိုက်ပါတယ်။ Limited ပေးလိုက်တဲ့အတွက် ကျွမ်းကျင်မှုဆိုင်ရာမှာ အခြေအနေကောင်းကြပါတယ်။

အဲဒါကြောင့် ဈေးနှုန်းဖွင့်ဖောက်ခြင်းကို ဆက်သွားပါတယ်။ ပြီးမှ သူတို့ကို ဖိတ်ခေါ်လိုက်တာပါ။ ဈေးနှုန်းကိုလည်း သူတို့ရှေ့မှာဖွင့်ဖောက်ပြီး တစ်ခါတည်း

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❖

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၂၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၀၊ ကော်လံ ၃ တွင်ပါရှိသည့် "လုပ်ငန်းစဉ်တွေ အားလုံးက ၂၀၁၇ ခုနှစ်၊ နှစ်ဆန်းပိုင်းမှာ ပြီးစီးပြီး စတင်လေလံရယူနိုင်မယ်လို့ ခန့်မှန်းပါတယ်" အစား "လုပ်ငန်းစဉ်တွေအားလုံးက ၂၀၁၆ ခုနှစ်၊ နှစ်လယ်ပိုင်းမှာ ပြီးစီးပြီး စတင်လေလံရယူနိုင်မယ်လို့ ခန့်မှန်းပါတယ်"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**

❖ စာမျက်နှာ ၇ မှ

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲကိုယ်စားလှယ် | လွှတ်တော်မဲဆန္ဒနယ် |
|---|---|---|---|
| ၁၅ | ဒေါ်နန်ဆိန် | မရှိ | မံစီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၁၆ | ဦးသန့်ဇင်ဌေး(ခ) ဖိုးသား | ဦးမလန်ယန်ရှောင် | မံစီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၁၇ | ဦးဇော်ဒဲဒူ | မရှိ | မံစီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၁၈ | ဦးအိပ်(ချ)ဂျိုဂိုင် | ဦးရိန်ဝမ် | မံစီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၁၉ | ဦးဝင်းမြင့် | မရှိ | မိုးမောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၂၀ | ဦးအက်စ်ကမ်ဖန် | မရှိ | မိုးမောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၂၁ | ဦးအောင်မျိုးနိုင် | မရှိ | ရွှေကူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၂၂ | ဦးမင်းနိုင် | ဒေါ်ဘောမ်ဆွမ့် | ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၂၃ | ဦးအက်စ်လန်းဘောမ် | မရှိ | ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၂၄ | ဦးဆောင်ယိန်း | မရှိ | မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၂၅ | ဦးချစ်မောင်(ခ) စိုင်းလုံ | မရှိ | ဒီမောဆိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကယားပြည်နယ် |
| ၂၆ | ဦးစိုင်းမြူရယ်နီ | မရှိ | ဒီမောဆိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကယားပြည်နယ် |
| ၂၇ | ဦးကျားရယ် | မရှိ | ဖရူဆိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကယားပြည်နယ် |
| ၂၈ | ဦးစိုင်းနော်မှိုင်း | ဦးမောင်ဖြူ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၊ ကယားပြည်နယ် |
| ၂၉ | ဒေါ်ပိုးမြာ | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၇)၊ ကယားပြည်နယ် |
| ၃၀ | ဒေါ်ဆိုဖာနီးယာ | မရှိ | ဒီမောဆိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၃၁ | ဦးဟျူးဘတ်ဘယ်ရီ | မရှိ | ဒီမောဆိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၃၂ | ဦးစိုင်းအုန်းမြင့် | မရှိ | ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၃၃ | ဦးထိန်လင်းဦး | မရှိ | ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၃၄ | ဦးရွှေလှ | မရှိ | ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၃၅ | ဦးကျော်သူအောင် | မရှိ | ဘောလခဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကယားပြည်နယ် |
| ၃၆ | ဦးကိုကိုကျော် | မရှိ | မယ်စဲ့မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကယားပြည်နယ် |
| ၃၇ | ဦးစောလုံ | မရှိ | မယ်စဲ့မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကယားပြည်နယ် |
| ၃၈ | ဦးကျော်စိုး | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၈)၊ ကယားပြည်နယ် |
| ၃၉ | ဒေါ်တင်ကြည်စိုး | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၈)၊ ကယားပြည်နယ် |
| ၄၀ | ဦးစောကီးအိုး | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကယားပြည်နယ် |
| ၄၁ | ဦးစောရွှေလေး (စောမုသာဘာ) | ဦးစောလူပါ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကယားပြည်နယ် |
| ၄၂ | ဦးကျော်စည်သူ | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကယားပြည်နယ် |
| ၄၃ | ဦးစံသိန်း | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကယားပြည်နယ် |
| ၄၄ | ဒေါ်နန်းစီစီအေး | မရှိ | ဘောလခဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၄၅ | ဦးအောင်နိုင်ဝင်း | မရှိ | ဖားဆောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၄၆ | ဦးထွန်းထွန်း | မရှိ | မယ်စဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၄၇ | ဦးငွေဇော် | မရှိ | မယ်စဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၄၈ | ဦးအောင်ဝင်း | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)၊ ချင်းပြည်နယ် |
| ၄၉ | ဦးကျော်သန်း | ဦးသောင်းဟန် | မြောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၀ | ဦးရန်နိုင်ဖြိုး | မရှိ | မြိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၁ | ဦးမင်းသက်နိုင် | မရှိ | ကျွန်းစုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၂ | ဦးမောင်ကြိုင်(ခ) နိုင်ဝင်းမွန် | မရှိ | ပုလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၃ | ဦးအောင်ကျော်ဇော | ဦးသီးဆွေ | တနင်္သာရီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၄ | စောကဲဒို | စောအေးရှော | ထားဝယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၅ | ဦးသူရအောင် | မရှိ | ရေဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၆ | ဦးအောင်စိုး | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅)၊ ပဲခူးတိုင်းဒေသကြီး |
| ၅၇ | ဦးအောင်သန်း | မရှိ | ဝေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၈ | ဦးကျော်စိုးဦး | မရှိ | ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၉ | ဦးခိုင်မျိုးကျော် | မရှိ | ကြို့ပင်ကောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီး |
| ၆၀ | ဦးအောင်ထွေး | မရှိ | ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီး |
| ၆၁ | ဦးစန်းလွင် | မရှိ | ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီး |
| ၆၂ | ဦးစိုးခိုင် | မရှိ | မကွေးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မကွေးတိုင်းဒေသကြီး |
| ၆၃ | ဦးကိုကိုမောင် | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၊ မကွေးတိုင်းဒေသကြီး |
| ၆၄ | ဦးဝါလင်း | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၃)၊ မကွေးတိုင်းဒေသကြီး |
| ၆၅ | ဦးဟန်တင် | မရှိ | နတ်မောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ မကွေးတိုင်းဒေသကြီး |
| ၆၆ | ဦးမြင့်ဆွေ | မရှိ | နတ်မောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မကွေးတိုင်းဒေသကြီး |
| ၆၇ | ဦးကြင်သန်း | ဦးတင့်နိုင်ဝင်း | ပေါက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မကွေးတိုင်းဒေသကြီး |
| ၆၈ | ဦးမြင့်စိုး | မရှိ | ကျောက်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၆၉ | ဦးဌေးအောင် | ဦးသိန်းဇော် | ကျောက်ဆည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၀ | ဦးသူရ | မရှိ | ကျောက်ဆည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၁ | ဦးညွန့်ဝေ | မရှိ | ကျောက်ဆည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၂ | ဦးထွန်းထွန်းဦး | မရှိ | တံတားဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၃ | ဦးကျော်တင့် | မရှိ | တံတားဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၄ | ဦးတင်လှိုင်သိန်း | ဦးနန်းဝေ | သပိတ်ကျင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၅ | ဒေါ်ဇင်မာလင်း | မရှိ | မတ္တရာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၆ | ဦးအောင်ထွန်းခိုင် | မရှိ | မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၇ | ဦးညွန့်ဦး | မရှိ | ပုသိမ်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မန္တလေးတိုင်းဒေသကြီး |

ဆက်လက်ဖော်ပြပါမည်။

# တီထွင်ဖန်တီးတတ်သည့် အသိဉာဏ်နည်းပညာတို့ နိုးထချိန်

ခင်မောင်ဌေး(ပညာရေး)

လူတို့၏တီထွင်ဆန်းသစ်မှုများကြောင့် လူ့လောကကြီးသည် လျင်မြန်သောအဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသည်ကို မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။ "ငှက်များလည်းပျံရင်းသေ၊ လူများလည်း ကြံရင်းသေ" ဆိုသကဲ့သို့ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ နေ့မအား၊ ညမနား တီထွင်ဆန်းသစ်မှုများသည် တစ်နေ့တခြား အံ့မခန်းတိုးတက်လျက်ရှိသည်။

လှည်းခေတ်၊ လှေခေတ်မှ ဂြိုဟ်တုခေတ်၊ ဒုံးပျံခေတ်ရောက်လာသည်။ ကြေးနန်းစာပို့စနစ်မှခေတ်မီအင်တာနက် အွန်လိုင်းသုံးခေတ်သို့ ပြောင်းလဲလာခဲ့၏။ ဆိုရလျှင် နေထိုင်စားသောက်မှုမှအစ လူတို့အသုံးပြုသည့် ယာဉ်ရထားအလယ် တောက်တိုမယ်ရအသုံးအဆောင်အဆုံးတီထွင်ဆန်းသစ်လာကြ၍ ယခင်ကဲ့သို့ ပင်ပန်းကြီးစွာကြိုးစားလုပ်ဆောင်ရမည့်အစား နည်းပညာကို ကောင်းစွာအသုံးချလာတတ်ကြလေပြီ။ အချိန်ကုန်သက်သာ၍ အလုပ်တွင်ကျယ် (Save Time Save Work)လာသည့်ခေတ်ပင် ဖြစ်သည်။

စင်စစ်အသိပညာရှင်၊ အတတ်ပညာရှင်နှင့် အတွေးအခေါ်ပညာရှင်ကြီးများသည် ဘွဲ့ဒီဂရီများနှင့် အလုံးစုံသောပညာများကို တစ်ဖက်ကမ်းခတ်တတ်မြောက်ထားသူများချည်း မဟုတ်ကြပါ။ အချို့ဘွဲ့ပင်မရ၊ အချို့ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းနေခွင့်မကြုံသူများလည်းရှိ၏။ သို့သော်လည်း ထိုသူတို့သည်မိမိတို့ တတ်မြောက်ထားသည့် အခြေခံပညာဖြင့် ပြင်ပလောကတွင်လက်တွေ့ဆည်းပူးလေ့လာသင်ယူခဲ့ကြသည်။ တတ်သိပညာ၊ အတွေ့အကြုံများစွာတို့ဖြင့်ပေါင်းစပ်ကာ အီဗရာဟင်လင်ကွန်းကဲ့သို့ အမေရိကန်သမ္မတလည်းဖြစ်နိုင်၏။ ရှိတ်စပီးယားကဲ့သို့ ကမ္ဘာကျော်ပြဇာတ်ရေးဆရာကြီးလည်းဖြစ်နိုင်၏။ အိုင်စတိုင်းလို ကမ္ဘာကျော်သိပ္ပံပညာရှင်လည်းဖြစ်နိုင်၏။ ဘီလ်ဂိတ်နှင့် စတိဂျော့ဗ်လို ဆော့ဝဲလ်ပိုင်ရှင်သူဌေးကြီးများလည်း ဖြစ်နိုင်လေ၏။

ထို့ပြင်ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အတွင်းရေးမှူးချုပ်နှစ်ကြိမ်တိုင်ဖြစ်ခဲ့သည့်ဦးသန့်ပင်ဘွဲ့မရခဲ့။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလည်း ကျောင်းမပြီးခဲ့ပါ။ သို့သော် ထိုပုဂ္ဂိုလ်ကြီးများ အဘယ့်ကြောင့် အထွတ်အထိပ်သို့ ရောက်ခဲ့ကြပါသနည်း။ ဆိုရလျှင် ဘွဲ့ဒီဂရီဂုဏ်ထူးများဝေဝေစီနေမှ အောင်မြင်ကျော်ကြားနိုင်မည်ဆိုသည့်အချက်မှာ ရာနှုန်းပြည့်မမှန်နိုင်ခြင်းပင်ဖြစ်သည်။ အဓိကအချက်မှာ မိမိတို့တတ်မြောက်ထားသည့် ပညာအဆင့်ပေါ်တွင် ထပ်၍ချဲ့ထွင်ခြင်း၊ ဆန်းသစ်ခြင်း၊ ရဲရင့်စွန့်စားခြင်းနှင့် ဖွဲလုံ့လရှိခြင်းတို့ကြောင့် ဖြစ်သည်ကို မှန်းဆသိရှိနိုင်ပါသည်။

မြန်မာနိုင်ငံသည် သဘာဝတောတောင်မြစ်ချောင်းအင်းအိုင်များနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ယင်းသယံဇာတများသည် ထာဝရပြည့်စုံကြွယ်ဝနေမည် မဟုတ်ပါ။ အလျင်အမြန်တူးဖော်ထုတ်ယူသုံးစွဲလိုက်လျှင် တစ်ချိန်ချိန်တွင် ကုန်ဆုံးသွားမည်သာဖြစ်သည်။ ထိုကဲ့သို့ အတိုင်းအဆမရှိ ထုတ်ယူသုံးစွဲခြင်းကြောင့် သယံဇာတကျိန်စာသင့်သောနိုင်ငံများလည်း ကမ္ဘာပေါ်တွင် ရှိနေပြီးဖြစ်၏။

ဆိုရလျှင် ပြန်လည်ပြည့်ဖြိုးမြဲသယံဇာတများကို စောင့်ရှောက်ခြင်း၊ ကုန်ဆုံးသွားနိုင်တော့မည့်သယံဇာတများကို ထိန်းသိမ်းခြင်း၊ ကုန်ကြမ်းပစ္စည်းထက်ကုန်ချောအဖြစ် နည်းပညာအသုံးပြု၍တင်ပို့နိုင်ရန် လိုအပ်နေပြီဖြစ်၏။ သို့ဖြစ်၍ တီထွင်ဆန်းသစ်ကြံဆနိုင်မည့်လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်မှုသည်လည်း အရေးကြီးလှ၏။

ကမ္ဘာ့နိုင်ငံအသီးသီးကိုကြည့်လျှင် အချို့လည်း သယံဇာတကြွယ်ပိုး ကြွယ်ဝရှိလှ၏။ အချို့နိုင်ငံများဆိုလျှင် ရေပင်သောက်စရာမရှိ။ သို့သော်လည်း ထိုနိုင်ငံများသည် ကမ္ဘာ့အလယ်တွင်ရပ်တည်နိုင်ကြ၏။ အဓိကအကြောင်းရင်းမှာ လူပင်ဖြစ်၏။ ထိုသူများသည် နည်းပညာသစ်များ တီထွင်ဆန်းသစ်နိုင်သူ၊ ယင်းတို့ကို အသုံးချတတ်သူများပင်ဖြစ်၏။ အထူးသဖြင့် ထိုနိုင်ငံများကိုကြည့်လျှင် သုတေသနလုပ်ငန်းနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်နေကြသည်ကို တွေ့ရမည်သာဖြစ်၏။

ရံဖန်ရံခါ အချို့သောတီထွင်ဆန်းသစ်မှုများသည် ငွေရင်းများများမစိုက်ရဘဲ အတွေးအခေါ်အယူအဆကောင်းတစ်ခုသာလျှင်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ မကြာသေးမီက ဖတ်ခဲ့ရသည့်သတင်းတစ်ပုဒ်ရှိသည်။ ယင်းသတင်းမှာ ဗြိတိန်စီးပွားရေးသမားတစ်ဦးသည် သန့်ရှင်းသောလေများကို ပုလင်းအတွင်းထည့်ကာ တရုတ်နိုင်ငံသို့ ရောင်းချခြင်းဖြင့်ဝင်ငွေရခဲ့သည်။ ကျေးလက်တောရွာများတွင် သူ၏လယ်ယာစိုက်ပျိုးရေးလုပ်သားများက ပိုက်များဖြင့် ပုလင်းများကို သန့်ရှင်းလတ်ဆတ်သည့်လေများရယူကြ၏။ ၁၀ မိနစ်ဆိုလျှင် ပြည့်သည်ဟုဆိုသည်။ ယင်း ပုလင်းများကို အလတ်ဆတ်ဆုံးလေအဖြစ် (Lousis Vuitton) တံဆိပ်တပ်၍ တစ်ပုလင်းလျှင် ၁၁၆ ဒေါ်လာဖြင့်ရောင်းချရာ ဒေါ်လာ ၂၃၁၃၀ ရရှိကြောင်း ဖော်ပြထား၏။

ထို့အတူ ဗီယင်နာအခြေစိုက်ဒီဇိုင်နာ ခရစ္စတာဖ်ရီတီဇာ၏ တီထွင်ဖန်တီးမှုလက်ရာတစ်ခုအကြောင်းပင်ဖြစ်၏။ ဒေါ်လာ ၁၀၀ ကျသင့်၍ Fontus အမည်ရှိ နေရောင်ခြည်စွမ်းအင်သုံးစက်သည် လေထုထဲမှအစိုဓာတ်ကိုဆွဲယူ၍ ငွေ့ရည်ဖွဲ့ကာရေသန့်အဖြစ် ပြောင်းလဲပေးနိုင်မည်ဖြစ်သည်။ ယင်းစက်ကြောင့် ရေရှားပါးသည့်နေရာများနှင့် ရေညစ်ညမ်းသည့်နေရာများ၌ သန့်စင်သော သောက်သုံးရေရရှိနိုင်မည့် တီထွင်ဆန်းသစ်မှုဖြစ်သည်။ ဆိုရလျှင် တီထွင်ဆန်းသစ်မှု မျိုးစုံထွန်းကားသောကာလပင်ဖြစ်သည်။

မြန်မာမှုတွင် "လိုလျှင်ကြံဆနည်းလမ်းရ" ဆိုသည့်စကားရှိသည်။ ဆိုလိုသည်မှာ လူတို့၏လိုအပ်ချက်ပေါင်းမြောက်မြားစွာရှိနေ၏။ တီထွင်ကြံဆမှုများသည်လည်း အမြဲလိုအပ်နေသောအရာဖြစ်၍ တီထွင်ကြံဆလိုစိတ်ရှိနေဖို့ အမြဲတမ်းအားပေးနေဖို့ လိုခြင်းပင်ဖြစ်သည်။ တီထွင်ကြံဆမှုမပြုဘဲရှိသည့် သယံဇာတအရင်းအမြစ်များကိုထုတ်ယူအသုံးပြုခြင်း သို့မဟုတ် အခြားနိုင်ငံများ၏ တီထွင်ဆန်းသစ်မှုများကိုသာငွေပေး၍ အလွယ်တကူ ဝယ်ယူသုံးစွဲနေခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်ထောက်ကူလိမ့်မည်မဟုတ်။

ယခုအချိန်သည်နိုင်ငံတကာအဆင့်မီ ကုန်အမှတ်တံဆိပ်များ၊ နောက်ဆုံးပေါ်နည်းပညာဆိုင်ရာ ပစ္စည်းများကို ဝယ်ယူသုံးစွဲလိုက်နိုင်ရုံဖြင့် ခေတ်မီတိုးတက်သွားပြီဟု မဆိုသင့်တော့ချေ။ မတင်းတိမ်သင့်တော့ချေ။ အသေးအဖွဲ့မှစ၍ တီထွင်ဆန်းသစ်မှုပြုကြရမည်ဖြစ်၏။ တီထွင်ဆန်းသစ်မှုများကို မျက်ကွယ်ပြုလာသည်နှင့်အမျှ နိုင်ငံအနှံ့ဝါးတောကြီးများ မည်မျှပင်ရှိနေသော်လည်း သွားကြားထိုးတံမှအစ နိုင်ငံရပ်ခြားမှ မှာယူတင်သွင်းနေရသည်မှာ အဆန်းတော့မဟုတ်တော့ပေ။

ဤနေရာတွင် အခြေခံကျောင်းများ၏ အခန်းကဏ္ဍသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေသည်ကိုတွေ့ရ၏။ အခြေခံအဆင့်မှာပင် ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်၊ စူးစမ်းမေးမြန်းလိုစိတ်၊ စဉ်းစားအဖြေရှာလိုစိတ်စသည့် အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးရမည်ဖြစ်၏။ ဆိုလိုသည်မှာ ကျောင်းပညာရေးတွင်ဆရာဆရာမက ဦးဆောင်ဖြေရှင်းပေးခြင်းထက် ကလေးကိုယ်တိုင်က အရာရာတွင်စူးစမ်းဆင်ခြင်၍ အဖြေထုတ်စေခြင်းပင်ဖြစ်သည်။

စင်စစ်ကျောင်းနေအရွယ်ကလေးငယ်များကို လေ့လာကြည့်လျှင် မူလတန်းအဆင့်မှပင် ကျောင်းထွက်သွားသူများ၊ အလယ်တန်းအဆင့်ရောက်မှ ကျောင်းထွက်သွားသူများစသဖြင့် အရွယ်အမျိုးမျိုးတွေ့နိုင်မည်ဖြစ်၏။ မည်သို့ပင်ဆိုစေ ပညာရေး၏အဓိကရည်မှန်းချက်မှာ မည်သည့်အဆင့်မှပင် ကျောင်းထွက်ရသည်ဖြစ်စေ ယင်းအတန်းနှင့် လိုက်ဖက်သည့် ကိုယ်စွမ်းကိုယ်စနှင့် အသက်မွေးမှုပညာအတွက် ပြုစုပျိုးထောင်ပေးလိုက်နိုင်ဖို့ပင်ဖြစ်သည်။ သို့မှသာ ကျောင်းပြင်ပတွင်လည်း ကျောင်းမှပေးလိုက်သည့်အသိပညာဖြင့် ထပ်ဆင့်၍ တီထွင်ကြံဆနိုင်မည့်အစွမ်းအစများ ပေါ်ထွန်းလာနိုင်မည်ဖြစ်၏။

ယခုအခါ အခြေခံပညာအဆင့်တွင်သင်ရိုးညွှန်းတမ်းများပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပညာသင်နှစ်များ တိုးမြှင့်ခြင်းများပါဝင်နေပြီး ကလေးများကို ဗဟိုပြု၍ တီထွင်ဖန်တီးတတ်ခြင်း၊ တွေးဆအဖြေရှာတတ်ခြင်းစသည့် အလေ့အထကောင်းများရရှိရန် သင်ရိုးနှင့် သင်ကြားနည်းစနစ်များ စတင်ပြောင်းလဲတော့မည်ဖြစ်ရာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပညာရေး၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်နိုင်ဖို့ အခြေခံပညာရေးဆရာဆရာမများမှ ဝိုင်းဝန်းကြိုးပမ်းကြဖို့ အထူးလိုအပ်လှပါသည်။

❖စာမျက်နှာ ၁၀ မှ

ကွန်ပျူတာကနေ ရိုက်တင်တာဖြစ်ပါတယ်။ အဲဒီမှာ သူတို့ရဲ့ ရမှတ်တစ်ခါတည်းပေါ်လာတယ်။ ရမှတ်အများဆုံးလူကိုပဲ ရွေးချယ်လိုက်တာဖြစ်ပါတယ်။

အထက်ကျိုင်းတောင်းစီမံကိန်းမှာ လုပ်နေတာကုမ္ပဏီခြောက်ခုကို *Limited* ခေါ်တာဖြစ်ပြီး တစ်ခုတည်း လက်သိပ်ထိုးတာမရှိပါဘူး။ အဲဒီ ခြောက်ခုကလည်း လုပ်ငန်းကျွမ်းကျင်မှုရှိပါတယ်။ ရေအားလျှပ်စစ်တည်ဆောက်မှု အတွေ့အကြုံက ထူးခြားတဲ့ အတွေ့အကြုံရှိတဲ့ ကုမ္ပဏီနှစ်ခုကို ရွေးပြီး တာဝန်ပေးခဲ့တာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ဩဂုတ်လကတည်းက တင်ဒါခေါ်ခြင်းလုပ်ငန်းကို စတင်ခဲ့တာပါ။ အစိုးရအဖွဲ့ရုံးကို တင်ပြရပါတယ်။ စီးပွားရေးကော်မတီရေးရာကိုလည်း တင်ပြပါတယ်။ ဒီဇင်ဘာလမှာ ရွေးတဲ့အဆင့်ရောက်ပါတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လကျမှဇွတ်လုပ်ကိုင်နေတာ မဟုတ်ပါဘူး။ ဒီတစ်ခုတည်း မဟုတ်ပါဘူး။ တခြားကိစ္စတွေမှာလည်း ဒီလိုပဲ ဆောင်ရွက်ခဲ့တယ်ဆိုတာ တင်ပြလိုပါတယ်။

ဟုတ်ကဲ့ အခုလို ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ရေအားလျှပ်စစ်မှ ၆၆ ရာခိုင်နှုန်းကျော်၊ သဘာဝဓာတ်ငွေ့မှ ၂၉ ရာခိုင်နှုန်းခန့်နှင့် ကျောက်မီးသွေးမှ သုံးရာခိုင်နှုန်းဝန်းကျင် ပါဝင်နေခြင်းဖြစ်ပြီး လက်ရှိအစိုးရ သက်တမ်းအတွင်း မဂ္ဂါဝပ် ၁၈၀၀ ကျော် တိုးချဲ့ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## သံတွဲမြို့၌ မီးလောင်မှုဖြစ်ပွား

**သံတွဲ ဖေဖော်ဝါရီ ၂၆**

သံတွဲမြို့ အမှတ် (၇) ရပ်ကွက် ဘုရင့်နောင်လမ်းရှိ သံတွဲနှစ်ခြင်းအသင်းတော် (Thantwe BAPTIST CHURCH) ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီခွဲခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ သံတွဲမြို့နယ်မီးသတ်တပ်ဖွဲ့ ခရိုင်ဦးစီးမှူး ဦးမင်းဟန်၊ မြို့နယ်ဦးစီးမှူးဦးနေလင်းကျော်ဦးဆောင်၍ မီးသတ်ယာဉ်လေးစီး၊ ဌာနဆိုင်ရာရေသယ်ယာဉ် နှစ်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ် နှစ်စီးတို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် ပြည်သူများ ပူးပေါင်းမီးငြှိမ်းသတ်ရာ ညနေ ၄ နာရီတွင် မီးညွန့်ကျိုးပြီး ၄ နာရီခွဲတွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။



မီးလောင်ကျွမ်းမှုကြောင့် ဘုရားကျောင်းအဆောက်အအုံ အလျား ၇၅ ပေ၊ အနံ ၃၅ ပေ၊ အမြင့် ၂၅ ပေရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး အဆောက်အအုံတစ်လုံး မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်မှုဖြစ်စဉ်မှာ ဒါးမိန်းမှဝါယာရှော့ဖြစ်၍ လောင်ကျွမ်းခြင်းဖြစ်ပြီး မီးပေါ့ဆစွာအသုံးပြုသည့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသင်းအုပ်ဆရာ ဦးဟန်မြင့် (၅၂) နှစ်အား သံတွဲမြို့ မရဲစခန်းက (ပ)၁၃၇/ ၂၀၁၆၊ ပြစ်မှုပုဒ်မ (၂၈၅) အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ဆရာကြီး ဦးမြင့်ဦး( မောင်လင်းယုန်-ရှမ်းပြည်) ကွယ်လွန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဆရာကြီးဦးမြင့်ဦး (မောင်လင်းယုန်-ရှမ်းပြည်) သည် ဖေဖော်ဝါရီ ၂၆ ရက်(သောကြာနေ့) မွန်းလွဲ ၂ နာရီ ၁၈ မိနစ်တွင် အမှတ်(၇-ဘီ) နံ့သာမြိုင်(၁)လမ်း နံ့သာကုန်းရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။



ဆရာကြီးဦးမြင့်ဦး (မောင်လင်းယုန်-ရှမ်းပြည်) သည် အဘ ဦးဘစိမ်း-အမိဒေါ်သန်းတင်တို့က ရှမ်းပြည်နယ် လွိုင်မွေမြို့၌ ၁၂၉၄ ခုနှစ် တပို့တွဲလဆန်း ၈ ရက် (၂-၂-၁၉၃၃) ရက်တွင်မွေးဖွားခဲ့သူဖြစ်ပြီး မူလတန်းမှ အထက်တန်းအထိ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ပညာသင်ကြားခဲ့သူဖြစ်သည်။

၁၉၅၁ ခုနှစ်တွင် ရန်ကုန်ဆရာအတတ်သင်သိပ္ပံတွင် နှစ်နှစ်ပညာသင်ကြားခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ပင်းတယ စာသင်ကျောင်း၌ ကျောင်းဆရာအဖြစ် တစ်နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဘာသာပြန်ဌာန ဆရာဦးဝန်(မင်းသုဝဏ်) လက်အောက်တွင် ဘာသာပြန်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဆရာအတတ်သင် သိပ္ပံကျောင်းတွင် တက်ရောက်နေစဉ်ကတည်းက ကဗျာများ ရေးသားခဲ့သည်။ တက္ကသိုလ်ကလောင်ရှင် အသင်းဝင်အဖြစ် တက္ကသိုလ်မဂ္ဂဇင်းနှင့် တက္ကသိုလ်သမဂ္ဂမှ ထုတ်ဝေသော အိုးဝေမဂ္ဂဇင်းတို့တွင် ကဗျာနှင့် ပြဇာတ်များရေးသားခဲ့သည်။ မူလကလောင်အမည်မှာ လင်းယုန်ပျို (ရှမ်းပြည်) ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်ရောက်သောအခါ "မြကျွန်းသာကဗျာများနှင့် စစ်မုန်းသူကဗျာစုများ" ရေးသားရာတွင် မောင်လင်းယုန် (ရှမ်းပြည်) အမည်ဖြင့်ပြောင်းလဲရေးသားခဲ့သည်။ "သံသယ" ကဗျာအား အခြေခံပညာအလယ်တန်းသင်ရိုးညွှန်းတမ်းတွင် ပြဋ္ဌာန်းခံရသည်။ အဝေးသင်တက္ကသိုလ်မြန်မာစာပြဋ္ဌာန်းချက်တွင် "ဟေဇယ်ရှက်တယ် မာမီရယ်" ပြဇာတ်အား ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခြင်းခံရသည်။ မောင်တင်မြိုင်(အင်းလေး)နှင့် "ရှမ်းရိုးမကဗျာများ" လုံးချင်းစာအုပ်ထုတ်ဝေခဲ့သည်။ ဂျက်လန်ဒန်၏ ဝတ္ထုတိုပေါင်းချုပ်ကို "စွမ်းသူ့အားမာန်" အမည်ဖြင့် ၁၉၇၁-၇၂ တွင် ဘာသာပြန်ဆိုထုတ်ဝေခဲ့သည်။ ငှယင်ဗန်တွိုင်း (ဇာနည်ချစ်လင်) ဘာသာပြန်စာအုပ်နှင့် "အားသစ်အင်သစ် စွမ်းမာန်သစ်" ပြဇာတ်ပေါင်းချုပ်စာအုပ်ကို ထုတ်ဝေခဲ့သည်။ "ပွင့်ဦးမြေခကြွေလင့်ရလေပြီ" ပြဇာတ်တွင် ကရင်-ဗမာချစ်ကြည်ရေး ရည်ရွယ်ချက်ဖြင့် တင်ဆက်ခဲ့ရာ ကရင်နှစ်သစ်ကူး ပွဲတိုင်းတွင် လေးငါးနှစ်ကြာ ကပြဖျော်ဖြေခဲ့ရသည်။။

ဆရာကြီး ဦးမြင့်ဦး (မောင်လင်းယုန်-ရှမ်းပြည်)သည် မိသားစုနှင့်အတူနေထိုင်ရင်း စာပေများရေးသားနေဆဲကာလအတွင်း ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

**အားကစား**

# အန်တိုနီယိုကွန်တီ ချယ်လ်ဆီးနည်းပြတာဝန် ထမ်းဆောင်ရန် နီးစပ်လာ

အီတလီအသင်းနည်းပြ ကွန်တီနှင့် ချယ်လ်ဆီးအသင်းတို့သည် ဖေဖော်ဝါရီ ၂၅ ရက်တွင် အပြုသဘောဆောင်သော ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် နည်းပြကွန်တီမှာ ချယ်လ်ဆီးနည်းပြဖြစ်လာရန် ပိုမိုနီးစပ်လာခဲ့ပြီဖြစ်သည်။

အီတလီအသင်းနည်းပြ ကွန်တီသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် လက်ရှိချယ်လ်ဆီးနည်းပြ ဟစ်ဒင့်နေရာတွင် အစားထိုးနည်းပြဖြစ်လာမည်ဟု ဆိုသော်လည်း လက်ရှိတွင်မူ လာမည့် ၁၀ ရက်အတွင်း စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းလိမ့်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် သတင်းပတ်များအတွင်းက နည်းပြအဖြစ် ခန့်အပ်ရန် ဂျူဗင်တပ်အသင်းနည်းပြ အယ်လီဂရီ၊ အက်သလက်တီကို မက်ဒရစ် အသင်းနည်းပြ ဆင်မြူနီနှင့် အီတလီနည်းပြ ကွန်တီတို့ကို ပစ်မှတ်ထားခဲ့ရာ ချယ်လ်ဆီးအသင်း ပစ်မှတ်ထားနေသည့် သုံးဦးအနက် ကွန်တီမှာ ချယ်လ်ဆီးနည်းပြဖြစ်လာရန် ပိုမိုနီးစပ်သွားခဲ့ပြီဖြစ်သည်။

နည်းပြကွန်တီသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်က စတင်ကာ အီတလီလက်ရွေးစင်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။ ယင်းမတိုင်မီက အရက်ဇိုဗို၊ ဘာရီ၊ အတ္တလန္တာ၊ ဆီနာနှင့် ဂျူဗင်တပ်အသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။





# ယူရိုပါလိဂ် ၁၆ သင်းအဆင့်သို့ ပရီမီယာလိဂ်အသင်းများ တက်လှမ်းနိုင်ခဲ့

ယူရိုပါလိဂ်ပြိုင်ပွဲ၏ ၃၂ သင်းအဆင့်ပွဲစဉ်များပြီးဆုံးခဲ့ပြီးနောက် ပြိုင်ဘက်အသီးသီးကို အနိုင်ရရှိခဲ့ကြသည့် ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသော မန်ယူအသင်း၊ လီဗာပူးအသင်းနှင့် စပါးအသင်းတို့သည် ယူရိုပါလိဂ်ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

မန်ယူအသင်းသည် မစ်ဂျလန်းအသင်း၏အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရသည့် ယူရိုပါလိဂ် ၃၂ သင်းအဆင့်ပထမအကျော့ပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း ယခုဒုတိယအကျော့ပွဲစဉ်တွင် ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-သုံးဂိုးဖြင့် မန်ယူအသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းနှင့် မစ်ဂျလန်းအသင်းတို့၏ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် မန်ယူအသင်းအတွက်သွင်းဂိုးများကို ၃၂ မိနစ်တွင် ဘိုဒူရော့(ကိုယ့်ဂိုးကိုယ်ပြန်သွင်း)၊ ၆၃ မိနစ်နှင့် ၇၅ မိနစ်တို့တွင် ရက်ရှ်ဖို့ဒ်၊ ၈၇ မိနစ်တွင် ဟာရဲရားနှင့် မိနစ် ၉၀ တွင် ဒီပေးတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မစ်ဂျလန်းအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၂၇ မိနစ်တွင် ဆစ္စတိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းနှင့် အော့စ်ဘတ်အသင်းတို့၏ ပွဲစဉ်တွင် အော့စ်ဘတ်အိမ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပထမအကျော့တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ယခုဒုတိယအကျော့တွင် လီဗာပူးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လီဗာပူးအသင်းက နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် ယူရိုပါလိဂ်နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲစပြီး ငါးမိနစ်မှာပင် အော့စ်ဘတ်ကစားသမား ဒိုမီနစ်ခေါ်၏ လက်ထိပြစ်ဒဏ်ဘောမှတစ်ဆင့် ရရှိလာသည့် ပင်နယ်တီအခွင့်အရေးကို ဂျိမ်းမီနာက ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့၏ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် စပါးအသင်းက ဖီအိုရင်တီးနားအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ စပါးအသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့သည် ပထမအကျော့တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် စပါးအသင်းက နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ယူရိုပါလိဂ်ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းအတွက် ဒုတိယအကျော့သွင်းဂိုးများကိုမူ ပွဲကစားချိန် ၂၅ မိနစ်တွင် မာဆွန်၊ ၆၃ မိနစ်တွင် လာမယ်လာ၊ ပွဲကစားချိန် ၈၁ မိနစ်တွင် ဂျာဗီယာရိုဒရီဂွက်ဇ်(ကိုယ့်ဂိုးကိုယ်ပြန်သွင်း)တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

**ဖေဖော်ဝါရီ ၂၇/၂၈ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ**

**ပရီမီယာလိဂ် ပွဲစဉ် ၂၇**

| | | |
|---|---|---|
| ဝက်စ်ဟမ်း | ဆန်းဒါးလန်း | ည-၇း၁၅ |
| စတုတ် | ဗီလာ | ည-၉း၃၀ |
| ဝက်ဖို့ဒ် | ဘုန်းမောက် | ည-၉း၃၀ |
| ဆောက်သမ်တန် | ချယ်လ်ဆီး | ည-၉း၃၀ |
| လက်စတာ | နော့ဝှစ်ချ် | ည-၉း၃၀ |
| ဝက်စ်ဘရွန်း | ခရစ္စတယ်ပဲလေ့စ် | ည-၁၂း၀၀ |

**စပိန် လာလီဂါ ပွဲစဉ် -၂၆**

| | | |
|---|---|---|
| ရီးယဲလ်မက်ဒရစ် | လက်စ်ပါးလ်မက်စ် | ည-၉း၃၀ |
| ဂီတာဖေး | ဆယ်တာဗီဂို | ည-၁၁း၄၅ |
| စပို့တင်းဂီဂျွန် | အက်စ်ပန်ညို | ည-၁၁း၄၅ |
| ဘက်တစ် | ဗယ်လီကာနို | နံနက်-၂း၀၀ |
| ဆိုစီဒက် | မာလာဂါ | နံနက်-၃း၃၅ |

**စီးရီးအေ ပွဲစဉ် - ၂၇**

| | | |
|---|---|---|
| အမ်ပိုလီ | ရိုးမား | ည-၁၁း၃၀ |
| အေစီမီလန် | တိုရီနို | နံနက်-၂း၁၅ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂၃**

| | | |
|---|---|---|
| ဝုဖ်ဘတ် | ဘိုင်ယန်မြူးနစ် | ည-၉း၀၀ |
| ဟမ်းဘတ် | အင်ဂိုလ်စတက် | ည-၉း၀၀ |
| စတုဂတ် | ဟန်နိုဗာ | ည-၉း၀၀ |
| ဝါဒါဘရီမင် | ဒမ်းစတက် | ည-၉း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ် - ၂၈**

| | | |
|---|---|---|
| မောင့်ပယ်လီယာ | လိုင်လီ | ည-၁၀း၃၀ |
| ဂူအင်ဂမ့် | အန်းဂါးစ် | နံနက်-၁း၃၀ |
| ထရိုယက်စ် | လောရီးယန့် | နံနက်-၁း၃၀ |
| ရိမ်းစ် | ဘော်ဒိုး | နံနက်-၁း၃၀ |
| တူးလော့စ် | ရင်းနစ် | နံနက်-၁း၃၀ |

မောင်မောင်ဇော်



# လက်စတာစီးတီးတောင်ပံကစားသမား မာရက်ဇ်အား ခေါ်ယူရန် ရီးယဲလ်နှင့် ဘာစီလိုနာ အပြိုင်ကြိုးပမ်းလျက်ရှိ

စပိန်လာလီဂါ၏ ထိပ်တန်းအဆင့်ရှိအသင်းကြီးနှစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့သည် ပရီမီယာလိဂ်ကလပ် လက်စတာစီးတီးအသင်းမှ တောင်ပံကစားသမား မာရက်ဇ်အားခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မာရက်ဇ်သည် လက်စတာအတွက် လိဂ်သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးနိုင်မှု ၁၀ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့ပြီး လိဂ်ဂိုးသွင်းအများဆုံး စာရင်းတွင်လည်း ပါဝင်နေသည်။ ထို့ကြောင့် ချန်ပီယံလိဂ်ချန်ပီယံ ဘာစီလိုနာက မာရက်ဇ်အား ခေါ်ယူရန်စီစဉ်လျက်ရှိပြီး လက်ရှိတွင် မာရက်ဇ်အားခေါ်ယူရန် ရီးယဲလ်မက်ဒရစ်နှင့်အပြိုင် ကြိုးပမ်းနေရသည်။

တောင်ပံကစားသမား မာရက်ဇ်သည် ယခုနှစ်ဘောလုံးရာသီအစတွင် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သူဖြစ်ပြီး အခြားကလပ်အသင်းသို့ ပြောင်းရွှေ့ခြင်းမရှိဘဲ လက်စတာစီးတီးအသင်း၌သာ ဆက်လက်ကစားမည်ဆိုပါက တစ်ပတ်လုပ်ခလစာပေါင် ၇၅၀၀၀ ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်တို့ကမူ မာရက်ဇ်အား ပေါင် ၂၅ သန်းနှင့်အထက်ပေးမည်ဟု ဆိုသည်။

ငွေကြယ် - စုစည်းသည်။

*စပိန်လာလီဂါပွဲစဉ်(၂၆)ကို ဖေဖော်ဝါရီ ၂၇၊ ၂၈၊ ၂၉ ရက်နေ့တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာ ဥရောပပွဲတွေရှိနေလို့ အသင်းကြီးအချို့ပွဲပန်းမှုတွေရှိနေတဲ့ကြားမှ ဒီတစ်ပတ်မှာတော့ ရီးယဲလ်နဲ့ အက်သလက်တီကို၊ ဘာစီလိုနာနဲ့ ဆီဗီးလ်တို့ ဆုံတဲ့ပွဲတွေ ပါနေတာကြောင့် စိတ်ဝင်စားဖို့ ပိုကောင်းနေပါတယ်။*

ရှိုင်းမင်းမင်း

# ပွဲကျပ်တွေကြားကရုန်းထွက်ပြမယ့် ဘာစီလိုနာ နဲ့ ရီးယဲလ်မက်ဒရစ်

**အီဘား - လက်ပဲလ်မက် နံနက် ၂း၀၀ (၂၇-၂-၁၆)**

အီဘားခြေ မဆိုးဘူးလို့ပြောနိုင်တယ်။ ဥရောပဝင်ခွင့်မှန်းနိုင်နေတာကြောင့် အခုလိုအိမ်ကွင်းပွဲမျိုးမှာ အားစိုက်ကစားလာမှာလည်း သေချာနေတယ်။ အိမ်ကွင်းမှာဆိုရင်လည်း ကစားပုံပိုကောင်းလာတတ်ပြီး အိမ်ကွင်းအရှုံး သုံးပွဲသာရှိသေးတဲ့အနေအထားအရ လက်ပဲလ်မက်ကို အီဘားတို့အနိုင်ရဖို့ မခက်နိုင်ပါဘူး။

**ရီးယဲလ် - အက်သလက်တီကို ည ၉း၃၀ (၂၇-၂-၁၆)**

ဇီဒန်းလက်ထက်မှာ ရီးယဲလ်မက်ဒရစ်ရဲ့ ခြေစွမ်းတိုးတက်လာကာ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ ကစားပုံ ပိုမိုတည်ငြိမ်တတ်ပါတယ်။ ဒါ့အပြင် ရီးယဲလ်ဟာ ဒီပွဲမတိုင်ခင်မှာလည်း ချန်ပီယံလိဂ်ပွဲမကစားခဲ့ရလို့ ဒီပွဲမှာခြေကုန်ထုတ်ကစားနိုင်မှာပါ။ အက်သလက်တီကို ခြေစွမ်းကောင်းနေပေမယ့် ရီးယဲလ်ကသာ နိုင်ပွဲရသွားဖို့ရှိတယ်။

**ဂီတာဖေး - ဆယ်တာဗီဂို ည ၁၁း၄၅ (၂၇-၂-၁၆)**

လီဗန်တေးကိုတောင် သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ ဂီတာဖေးခြေက အားနည်းလွန်းပါတယ်။ နောက်ဆုံးငါးပွဲဆက်ရှုံးနိမ့်ခဲ့ပြီး အဲဒီခြေစွမ်းမျိုးအရ အိမ်ကွင်းဖြစ်ပေမယ့် ဆယ်တာဗီဂိုကို အသာမရနိုင်ပါဘူး။ ဆယ်တာဗီဂိုခြေ သာမန်သာရှိပေမယ့် ဒီပွဲမှာတော့ ဆယ်တာဗီဂိုကသာ အနိုင်ရသွားမှာပါ။

**ဂီဂျွန် - အက်စ်ပန်ညို ည ၁၁း၄၅ (၂၇-၂-၁၆)**

ဂီဂျွန်က ခြေစွမ်းသာမန်သာရှိပေမယ့် တန်းမဆင်းရဖို့အတွက် အိမ်ကွင်းမှာ ဖိအားပေးမှာဖြစ်သလို အိမ်ကွင်းပွဲတွေမှာဆိုရင် တိုက်စစ်ကအစ ဂိုးသွင်းခြေ ပိုထက်ပါတယ်။ အက်စ်ပန်ညိုက လက်ရှိ ခြေကျဆင်းနေသလို အဝေးကွင်းမှာ ပိုပြီးရုန်းကန်ရတတ်ပါတယ်။ ဂီဂျွန်ပဲ အိမ်ကွင်းမှာ နိုင်ပွဲရသွားမှာပါ။

**ဘက်တစ် - ဗယ်လီကာနို ည ၁၁း၄၅ (၂၇-၂-၁၆)**

တန်းမဆင်းရဖို့ သေချာမှုမရှိသေးတာကြောင့် ဘက်တစ်ဟာ အခုနောက်ပိုင်းပွဲတွေ ဂရုတစိုက်ကစားနေသလို ခြေစွမ်းကလည်း ကောင်းမွန်နေပါတယ်။ ဗယ်လီကာနိုကတော့ လက်ရှိကစားပုံမဆိုးပေမယ့် အဝေးကွင်းမှာ တစ်ပွဲသာနိုင်သေးတဲ့အထိ အားနည်းတတ်တာ သတိပြုရမှာပါ။ ဘက်တစ်ပဲနိုင်မယ်။

**ဆိုစီဒက် - မာလာဂါ နံနက် ၃း၃၅ (၂၈-၂-၁၆)**

အခုနောက်ပိုင်းမှာဆိုစီဒက်ရဲ့ခြေစွမ်းပြန်လည်ထက်မြက်နေပါတယ်။ အိမ်ကွင်းနောက်ဆုံးနှစ်ပွဲဆက် အနိုင်ရခဲ့သလို ဒီပွဲစဉ်မှာလည်း အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာသေချာနေပါတယ်။ မာလာဂါကတော့ခြေစွမ်းအနည်းငယ်ကျဆင်းသွားသလို အဝေးကွင်းခြေမငြိမ်ပါဘူး။ မာလာဂါ အမြင့်ဆုံးသရေပါ။

**ဗီလာရီးယဲလ် - လီဗန်တေး ညနေ ၅း၃၀ (၂၈-၂-၁၆)**

နောက်ဆုံးပွဲစဉ်မှာ ဂီတာဖေးကို ဂိုးပြတ်အနိုင်ရခဲ့တဲ့ လီဗန်တေးဟာ ဒီပွဲစဉ်မှာလည်း တန်းမဆင်းရဖို့ ကျားကုတ်ကျားခဲ ကစားသွားမှာပါ။ ဗီလာရီးယဲလ်က အိမ်ကွင်းဖြစ်ပြီး ခြေစွမ်းကောင်းမွန်နေပေမယ့် ယူရိုပါလိဂ်ပွဲကြောင့် ပွဲပန်းမှုတွေ ရှိနေနိုင်ပါတယ်။ ဗီလာရီးယဲလ်အိမ်ကွင်းမှာ ကပ်နိုင်ဖို့ရှိပါတယ်။

**ဗလန်စီယာ - ဘီဘာအို ည ၉း၃၀ (၂၈-၂-၁၆)**

ဘီဘာအိုဟာ ဥရောပဝင်ခွင့်ပြန်လည်မျှော်လင့်လာနိုင်သလို ပွဲတိုင်းကို အားစိုက်ကစားနေရာ ခြေလည်းမဆိုးပါဘူး။ ဗလန်စီယာကတော့ အိမ်ကွင်းဖြစ်ပြီး ခြေအနည်းငယ်တိုးတက်လာပေမယ့် ယူရိုပါလိဂ်ပွဲကြောင့် ပွဲပန်းလာ မှုရှိနေနိုင်ပါတယ်။ ဗလန်စီယာ သရေလောက်ပဲ ကစားနိုင်မှာပါ။

**ဒီပို့တီဗို - ဂရန်နာဒါ ည ၁၁း၄၅ (၂၈-၂-၁၆)**

ဒီပို့တီဗိုက အသင်းလိုက်စကားပုံမဆိုးပေမယ့် ခံစစ်ပိုင်းအားနည်းမှုနဲ့ အတူ သရေပွဲတွေများနေပါတယ်။ ဒါ့အပြင် ဒီပွဲကတော့ အိမ်ကွင်းဖြစ်တဲ့အပြင် ဂရန်နာဒါရဲ့ခြေကလည်း အားနည်းမှုတွေ များလွန်းတာကြောင့် ဒီပို့တီဗိုတို့ အခွင့်အရေးရနိုင်ပါတယ်။ အိမ်ကွင်းမှာ ဒီပို့တီဗိုကသာ ကပ်ပြီးအနိုင်ရသွားမှာပါ။

**ဘာစီလိုနာ - ဆီဗီလာ နံနက် ၂း၀၀(၂၉-၂-၁၆)**

ဘာစီလိုနာရဲ့ခြေစွမ်းက တောက်လျှောက်ကောင်းမွန်နေတယ်။ ဒီပွဲစဉ်မှာလည်း ရီးယဲလ်နဲ့ အက်သလက်တီကို ဆုံတွေ့နေတာကြောင့် ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းနိုင်တဲ့ကြားက ဘာစီလိုနာတို့ ဒီပွဲကို ဂရုတစိုက်ကစားသွားမှာပါ။ ဆီဗီလာခြေက ကောင်းနေပေမယ့် ဘာစီလိုနာပဲ အနိုင်ရမယ်။

# အမြန်လမ်းမတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အမြန်လမ်းမိုင်တိုင်အမှတ်(၈၇/၂)အနီးတွင် ဖေဖော်ဝါရီ ၂၅ရက် ညနေ ၃ နာရီခွဲက ရန်ကုန်မှ နေပြည်တော်သို့ မောင်းနှင်လာသော 3I/----- အာရာဖက်အမျိုးအစား၊ (ယာဉ်မောင်းအမည်၊ နေရပ်လိပ်စာ စုံစမ်းဆဲ)သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအားဖြတ်၍ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းမှစခန်းမှူး ဒုရဲမှူး ထွန်းထွန်းဦးနှင့် မြို့ချောင်းအမြန်လမ်းမီးသတ်စခန်းမှ ဒုဦးစီးမှူး ဦးဇော်ရဲနိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ယာဉ်ပေါ်နှင့်အနီးဝန်းကျင်တွင် မည်သူတစ်ဦးတစ်ယောက်မှ မတွေ့ရှိရဘဲ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်းနှင့် ယာဉ်မှာရှေ့လေကာမှန်ကွဲ၊ နောက်မှန်ကွဲ၊ တံခါးများပျက်စီးပြီး ရှေ့ဘန်ဘာနှင့် ရှေ့ဘီးပြုတ်ထွက်ပျက်စီးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

**ခင်ကို(ကျောက်တံခါး)**

# နောက်ဘီးပေါက်သောယာဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၂၂၅/၅-၆)တွင် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ဆည်မှ ရန်ကုန်သို့ ကျောက်ဆည်မြို့ ဆင်ကတုတ်ရွာနေ ဦးကျော်ဆွေ (၅၄)နှစ် မောင်းနှင်လာသော RLG/×××× ယာဉ်မှာ နောက်ဘီးပေါက်ကာ လမ်းလယ်ကျွန်းပေါ်ကျော်တက်၍ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိတိမ်းမှောက်ခဲ့သည်။

ထိုသို့တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဦးကျော်ဆွေတွင် ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ကျောက်ဆည်မြို့နယ် မိုင်းပန်ရွာနေ စိုင်းကိုကို (၁၈)နှစ်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် နေပြည်တော် ခုတင် (၁၀၀၀)ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ဦးကျော်ဆွေအား ပန်းတင် အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# စက်ဘီးစီးလာသူအား ဆိုင်ကယ်ဖြင့် နောက်မှ ဝင်တိုက်မိ

**ဖဒို ဖေဖော်ဝါရီ ၂၆**

ကျောက်တံခါးမြို့နယ် ဖဒိုမြို့အဝင်ဆိုင်းဘုတ်အနီးတွင် ဆိုင်ကယ်နှင့် စက်ဘီးတိုက်မှုဖြစ်ပွားခဲ့သဖြင့် သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက ဖဒို-ကျွန်းကုန်းသွားကားလမ်း မိုင်တိုင်အမှတ်(၅/၃)အနီးတွင် အရှေ့ဘက်မှအနောက်ဘက်သို့ ဖဒို-ကျွန်းကုန်းသွားကားလမ်းအတိုင်း ဦးတင်ဝင်း(၅၄)နှစ် ကင်းမွန်းခြံရွာ ကင်မွန်းခြံအုပ်စု ညောင်လေးပင်မြို့နယ်နေသူ စီးနင်းလာသော စက်ဘီးအား ဦးစောဌေးဝင်း(၃၉)နှစ် ဘိုးပိုက်ဆံ(၃)လမ်း ဖဒိုမြို့နေသူ မောင်းနှင်ပြီး ၎င်း၏မိခင် ဒေါ်နော်စေးဖော (၆၅)နှစ် လိုက်ပါစီးနင်းလာသော နံပါတ်မပါ ကန်ဘို(၁၁၀) (ယာဉ်၊ ယာဉ်မောင်းလိုင်စင်စိစစ်ဆဲ) ဆိုင်ကယ်က နောက်မှဝင်တိုက်ရာ ဦးတင်ဝင်းတွင် ဒဏ်ရာများ(စိုးရိမ်ရ)၊ စောဌေးဝင်းနှင့် နော်ဆဲဖောတို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် စောဌေးဝင်းအား ဖဒိုနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**



# ဟိုပုံးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၁ ရက်က ဟိုပုံးမြို့နယ် ဖက်ရမ်းကျေးရွာအုပ်စု ပွေဟုတ်ကျေးရွာနေ မနန်းဆိုင်းမွန်း၏ နေအိမ်ဈေးဆိုင်ကို ရှာဖွေရာ ၎င်းနှင့်အတူ မနီလာအားတွေ့ရှိပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈ ပြားကိုလည်းကောင်း၊ မနန်းငွေထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ ဖေဖော်ဝါရီ ၂၁ ရက်က ချင်းရွှေဟော်မြို့ ရပ်ကွက်(၂) ချင်းရွှေဟော်-လောက်ကိုင်သွား ကားလမ်းတွင် လီကော်မြင်မောင်းနှင်လာသည့်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# တူမီးသေနတ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ကျောက်အိုင်ကျေးရွာအနီး ငါးဘတ်အိုင်တဲကုန်းနေ သန်းဇော်ဦး(ခ) ကရင် (၂၉)နှစ်၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ တူမီးသေနတ်နှစ်လက် သိမ်းဆည်းရမိသဖြင့် သန်းဇော်ဦး(ခ) ကရင်အား သာယာဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## အကယ်ဒမီရွှေကြို(အကယ်ဒမီဗန်းကိုင်)များအတွက် အဝတ်အစား၊ မိတ်ကပ်၊ လက်ဝတ်ရတနာ၊ ဖိနပ် ပံ့ပိုးလိုသူများနှင့် အကယ်ဒမီရွှေကြို (အကယ်ဒမီဗန်းကိုင်များ)

၁။ (၂၀၁၄-၂၀၁၅) ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် အကယ်ဒမီရွှေကြို(အကယ်ဒမီဗန်းကိုင်) များအား အဝတ်အစား၊ မိတ်ကပ်၊ လက်ဝတ်ရတနာ၊ ဖိနပ်တို့ ပံ့ပိုး ကူညီလိုသူများသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ပုံစံတောင်းယူ၍ ၁၁-၃-၂၀၁၆ ရက် နောက်ဆုံးထား အိတ်ပိတ်၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၂။ အကယ်ဒမီရွှေကြို (အကယ်ဒမီဗန်းကိုင်) လျှောက်လွှာများကို မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**







**တစ်ဦးတည်းဖြစ်ကြောင်း**

ရမည်းသင်းမြို့နယ်၊ ကမ္မအုပ်စု၊ ရိုးကြီးရွာနေ ဦးခင်မောင်ညွှန့်၏ သမီး မတင်မာနွယ်(ခ)မတင်တင်မာ [၉/ရမသ(နိုင်)၁၇၂၅၉၆] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မတင်မာနွယ်(ခ)မတင်တင်မာ
[၉/ရမသ(နိုင်)၁၇၂၅၉၆]




## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးမျက်မှန်ရပ်၊ ချမ်းအေးသာဇံမြို့နယ်၊ အကွက်အမှတ်(၄၀၄/က)တွင် နေထိုင်သူဒေါ်မြခင်(ခ)ဒေါ်ချန်ဒရာဒေဗီ[၈/မကန(နိုင်)၁၀၉၁၉၁]၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးစိုင်းဂျော်နီအောင်[၁၃/မဆတ(နိုင်)၀၀၆၉၉၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၄×၆၅ ကြား၊ ၂၆(ဘီ)လမ်းရှိ အကွက်အမှတ်(၈၀၁)၊ ဦးပိုင်အမှတ်(၁)၊ (၁. ၃၂၅၉) ဧကရှိ ဘိုးဘွားပိုင်မြေကွက်အား မှတ်ပုံတင်အပေးစာချုပ်ဖြင့် ဒေါ်မြခင်(ခ)ဒေါ်ချန်ဒရာဒေဗီ အမည်ပေါက်ပိုင်ဆိုင်ခဲ့သူဖြစ်ပါသည်။ (၂၁-၅-၁၉၉၁)ရက်စွဲဖြင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ သိမ်းဆည်းခံခဲ့ရပါသည်။ မန္တလေးခရိုင် အုပ်ချုပ်ရေးဦးစီးဌာန၏ (၂၃-၂-၂၀၁၆)ရက်စွဲပါ ဂရန်အမှုတွဲအမှတ် (၄၇/၂၀၁၅-၂၀၁၆)အမှတ်ပါ အများသိစေရန် ကြေညာခြင်းအရ ဒေါ်မြခင်(ခ)ချန်ဒရာဒေဗီ အမည်ဖြင့် ပြောင်းလဲသတ်မှတ်မည့်ကိစ္စအား သိရှိရပါသည်။ ခရိုင်ဦးစီးဌာနသို့ ၁/၂(၉)ဦး ၁(မတ၃)(၁၀၅၀) (၉-၂-၂၀၁၆)ရက်စွဲဖြင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၏ အကြောင်းကြားစာအရ ဒေါ်မြခင်(ခ)ချန်ဒရာဒေဗီ၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ရသူ ဦးမြတ်သူအား အထူးဂရန်ထုတ်ပေးဆောင်ရွက်သွားရန် ဖော်ပြထားသဖြင့် ဒေါ်မြခင်(ခ)ချန်ဒရာဒေဗီမှ ဦးစိုင်းဂျော်နီအောင် တစ်ဦးတည်းသို့သာ အထွေထွေ ကိုယ်စားလှယ်လွှဲစာပေးထားခြင်းဖြစ်ကြောင်းနှင့် (၂၂-၂-၂၀၁၆)ရက်စွဲပါ မှတ်ပုံတင်အမှတ်(၁၀၉/၂၀၁၆)ကတိ သစ္စာပြုလွှာအရ ဦးစိုင်းဂျော်နီအောင် တစ်ဦးတည်းသာလျှင် လုပ်ဆောင်ပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ
ဒေါ်ချန်ဒရာဒေဗီ၊ ဦးစိုင်းဂျော်နီအောင်

လွှဲအပ်ညွှန်ကြားချက်အရ

စစ်ကိုင်းဦးငွေသန်း(တရားလွှတ်တော်ရှေ့နေ)
စဥ်-၂၇၇၄/၈၄
အမှတ်(၉/၁၁)၊ လေးလွှာ၊ အခန်း(၃၀၆)
၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်စိမ်းစိမ်း(အထက်တန်းရှေ့နေ)
စဥ်-၃၆၆၄၄/၂၀၁၁
၇၅/၁၄၊ ဒေစီလမ်း
ဦးကြီးခမ်းရပ်၊ တောင်ကြီးမြို့။

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




"လူ့ဘောင်တစ်ရပ်အနေနဲ့ ပဋိပက္ခကိုအကြမ်းမဖက်တဲ့နည်းနဲ့ တုံ့ပြန်ခြင်းကိုထည့်သွင်းစဉ်းစားတတ်လာစေမယ့်၊ ပဋိပက္ခကိုအကြမ်းမဖက်တဲ့နည်းနဲ့ တုံ့ပြန်ခြင်းကိုတန်ဖိုးထားတတ်လာစေမယ့် အခွင့်အလမ်းတွေကိုဖန်တီးပေးသော သတင်းပို့ချက်၊ သတင်းပို့ပုံတွေကိုစာတည်းတွေ၊ သတင်းထောက်တွေကရွေးချယ်ခြင်း"ကို ငြိမ်းချမ်းရေးစာနယ်ဇင်းပညာလို့ ဖွင့်ဆိုပါတယ်။ (Lynch and McGoldrick, 2005)

ငြိမ်းချမ်းရေးစာနယ်ဇင်းဟာပဋိပက္ခတွေရဲ့ နောက်ခံအကြောင်းတရားတွေ၊ ဆက်စပ်စဉ်းစားရမယ့် အခြေအနေတွေကိုဖော်ပြပေးတယ်၊ ဘက်ပေါင်းစုံက ကြားနာတယ်၊ အပေါ်ယံကိုသာမကြည့်ဘဲဝှက်ထား၊ ဖုံးထားတဲ့ အရင်းခံအကြောင်း တွေကိုစူးစမ်းဖွေရှာတယ်၊ ငြိမ်းချမ်းရေးစိတ်ကူးစိတ်သန်းတွေ၊ လုပ်ဆောင်ချက်တွေအကြောင်းဆိုလည်းဘယ်တော့ပဲပေါ်လာလာ၊ ဘယ်မှာပဲဖြစ်နေနေအသားပေးဖော်ပြပေးပါတယ်။

**ငြိမ်းချမ်းရေးစာနယ်ဇင်းပညာရဲ့ ဆန့်ကျင်ဘက်**

သူနဲ့ ဆန့်ကျင်ဘက်ကတော့ "စစ်မက်ဖြစ်ပွားရေး၊ ဒါမှမဟုတ် အကြမ်းဖက်ရေးစာနယ်ဇင်းပညာ"ပဲ ဖြစ်ပါတယ်။

"စစ်ဖြစ်ရေး။အကြမ်းဖက်ရေးစာနယ်ဇင်း" ကကျတော့ အကြမ်းဖက်မှုတွေကိုပေါ်လွင်အောင်ပြတယ်၊ အကြမ်းဖက်မှုကြောင့် ပေါ်ပေါက်လာတဲ့မြင်သာသောအကျိုးဆက်တွေကိုသတင်းပို့တယ်။ "ကိုယ့်ဘက်"ကိုဇာတ်နာပြတယ်။ "သူ့ဘက်"က ကိစ္စတွေကျတော့ အလွဲတွေ၊ သူတို့ ရမ်းကားတာတွေ၊ ကျူးလွန်တာတွေအဖြစ် ဖော်ပြတယ်။ တစ်ပြိုင်တည်းမှာပဲ "ကိုယ့်ဘက်"နဲ့ ပတ်သက်တဲ့ အလိမ်အညာအဖြီးအဖြန်းတွေ၊ ဖုံးထားတာတွေကိုလုပ်တတ်ပါတယ်။

အာဖရိကတိုက်ကယူဂန္ဓာနိုင်ငံရဲ့ ရေဒီယိုအသံလွှင့်အစီအစဉ်က ၁၉၉၄ ခုနှစ် ဧပြီလမှာ "သည်ခွေးသူတောင်းစားတွေကိုသေနတ်နဲ့ ပစ်သတ်မနေနဲ့၊ တစ်ခါတည်းဓားနဲ့သာ နုတ်နုတ်စင်းပစ်ကြ"လို့ လှုံ့ဆော်ခဲ့ပါတယ်။အဲဒီအချိန်က ယူဂန္ဓာနိုင်ငံမှာတိုင်းရင်းသားလူမျိုးစုတွေကြားတိုက်ခိုက်မှု ဒီရေအရှိန်မြင့်နေချိန်ပါ။ သည်အသံလွှင့်ချက်ရဲ့ အကျိုးဆက်ကြောင့် လေးလတောင် မကြာတဲ့အချိန်အတွင်းမှာလူပေါင်းရှစ်သိန်းလောက် သေကျေပျက်စီးခဲ့ရပါတယ်။ ဒါဟာစစ်ဖြစ်ရေး။အကြမ်းဖက်ရေးစာနယ်ဇင်းရဲ့ အဆိုးရွားဆုံးနမူနာပါပဲ။

**ငြိမ်းချမ်းရေး/ပဋိပက္ခ စာနယ်ဇင်းပညာ**

သည်စာနယ်ဇင်းကကျတော့ အကြမ်းဖက်မှုတွေ၊ စစ်ဖြစ်တာတွေကို ကာကွယ်တားဆီးရေးအတွက် ခိုင်မာတဲ့ သန္နိဋ္ဌာန်နဲ့ ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ပဋိပက္ခဖြေရှင်းရေး၊ ငြိမ်းချမ်းမှုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ရေးတို့အတွက် အားထုတ်မှုများကိုအလေးထားတယ်။ အလိမ်အညာအဖြီးအဖြန်းတွေ၊ ဘက်ပေါင်းစုံကလက်သည် တရားခံတွေကိုလည်း ဖော်ထုတ်တင်ပြတယ်၊ တစ်ဖက်တည်းမဟုတ်ဘဲပဋိပက္ခမှာပါဝင်နေတဲ့ ဘက်အားလုံးခံစားနေရတဲ့ ဒုက္ခတွေကိုဖော်ပြပေးပါတယ်။ အဖြေရှာရေးကိုဦးစားပေးတဲ့ စာနယ်ဇင်းဖြစ်တာနဲ့အညီ ငြိမ်းချမ်းရေးလုပ်ဆောင်ချက်တွေ၊ စစ်အပြီး တိုးတက်ဖြစ်ထွန်းလာပုံတွေကိုအထူးအာရုံစိုက်ပြီးဖော်ပြပေးတတ်ကြပါတယ်။

> "ကိုယ့်နိုင်ငံကို ကိုယ်တကယ်ချစ်တယ် ဆိုရင် ငြိမ်းချမ်းရေးနဲ့ အကြမ်းဖက်ရေး ဘယ်သင်းကိုရွေးကြပါမလဲ။"

**လူမှုမီဒီယာသုံးနေတဲ့ နိုင်ငံသားစာနယ်ဇင်းဆရာတွေနဲ့လည်း သက်ဆိုင်တယ်**

ချကွ၊ ဆော်ကွ၊ တီးကွ၊ သတ်ပစ်လိုက်၊ အမြစ်ပြတ်ချေမှုန်းလိုက် ဘာညာရေးကြသားကြတာဟာကုသိုလ်ပြုနေတာမဟုတ်မှန်းလူတိုင်းသိပင် သိကြသော်လည်းစိတ်လိုက်မာန်ပါနဲ့ သူဖြစ်ဖြစ် ကိုယ်ဖြစ်ဖြစ် ပြောမိရေးမိတတ်ကြပါတယ်။

ဒါပေမယ့် သေချာစဉ်းစားကြစေချင်ပါတယ်။ ကျွန်တော်တို့တွေဟာစစ်မက်လိုလားကြသူများလား၊ အကြမ်းဖက်တာကို မြတ်နိုးဖက်တွယ်လိုကြသူများလား၊ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ဖို့ လိုပါလိမ့်မယ်။

အကြမ်းဖက်မှုတွေ၊ စစ်မက်တွေက နိုင်ငံကိုနစ်နာစေတယ်၊ ဆင်းရဲတွင်းနက်စေတယ်ဆိုတာအထူးပြောစရာမလိုပါဘူး။

ကိုယ့်နိုင်ငံကိုကိုယ်တကယ်ချစ်တယ်ဆိုရင် ငြိမ်းချမ်းရေးနဲ့အကြမ်းဖက်ရေး ဘယ်သင်းကိုရွေးကြပါမလဲ။

လူတိုင်းမှာရွေးချယ်ခွင့်တွေ ရှိနေကြပါတယ်ဆိုတာကိုမပြောရဲပြောရဲနဲ့ ပဲသည်တပတ်မှာပြောလိုက်ရပြန်ပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်ကြည့်နိုင်စရာတစုံတရာရသွားကြလိမ့်မယ်လို့ မျှော်လင့်မိကြောင်းပါခင်ဗျား။

ကျမ်းကိုး

(၁) http://www.peacejournalism.org/Peace_Journalism/Welcome.html

(၂) http://www.cjr.org/behind_the_…/peace_journalism_uganda.php…

(၃) http://www.slideshare.net/carolinama…/wk-18-peace-journalism

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစားကျွေး လွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင် လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများ ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခမ်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသော ငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာ အတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါးဖော်ဖတ်များကျွေး ခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန် ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**ငါးလုပ်ငန်းဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲ ကျင်းပ

**မင်းတုန်း ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့တွင် ၂၀၁၅ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်လှိုင်က ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်ရသည့် ရည်ရွယ်ချက်အား ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးကျော်စန်းယုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများအား ၂၀၁၅-ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် မံရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ပေးအပ်ရာ တာဝန်ထမ်းဆောင်ခဲ့သည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များက လက်ခံခဲ့ကြကြောင်း သိရသည်။ **သက်ထွန်း(မင်းတုန်း)**

## သံကူကွန်ကရစ်တံတားပြီးစီးမှု စစ်ဆေး

**မူဆယ် ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနခွဲ (လားရှိုး )လားရှိုးမြို့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်စိုးသည် ဖေဖော်ဝါရီ ၂၁ ရက်က မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာန၏ ဆောင်ရွက်ပြီးစီးခဲ့သော ခရစ်ယာန်ရပ်ကွက်မှ အရှည် ပေ ၁၈၀၀၊ အကျယ် ၁၂ ပေရှိသော ချယ်ရီလမ်းနှင့် ဦးခင်မောင်လမ်းဆုံရှိ သံကူကွန်ကရစ်အမျိုးအစား အရှည် ပေ ၃၀၊ အကျယ် ငါးပေရှိ တံတားတို့ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

၂၀၁၅-၂၀၁၆တွင် မူဆယ်မြို့နယ်အတွင်း လမ်းစုစုပေါင်း ၁၆ လမ်း၊ အရှည် ၁၈၂၁၄ ပေ တည်ဆောက်ခဲ့ပြီး တည်ဆောက်ပြီး တံတားလေးစင်း ရှိကြောင်း သိရသည်။

**ဆရာမောင် (မူဆယ်)**

## ရွှေကုက္ကိုမြိုင်တွင် ရော်ဘာအစေးခြစ်ပညာပေးသင်တန်းဆင်းပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၂၆**

ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုမြိုင်တွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှ ဆောင်ရွက်သော ရော်ဘာစိုက်ပျိုးရေးသမားများနှင့် ဝါသနာရှင်များအား ရော်ဘာအစေးခြစ်ခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်း သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးဝင်းလှိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သီနွယ်က ရော်ဘာနှင့်ပတ်သက်သော နည်းပညာရပ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာက သင်တန်းဆင်းအောင်လက်မှတ်များနှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့မှလှူဒါန်းသော မြန်မာ့အလင်း၊ ကြေးမုံ၊ မြဝတီ သတင်းစာများအားလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်ဦးကလယ်ယာစီးပွားဂျာနယ်များကိုလည်းကောင်း ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြသည်။

ရွှေကုက္ကိုမြိုင်ကျေးရွာတွင် ရော်ဘာစိုက်ဧက ၅၆၄၆ တွင် အစေးခြစ်နိုင်သည့် ဧက ၃၂၀၀ ရှိရာ အစေးထွက်နှုန်းကောင်းမွန်ပြီး နည်းစနစ်မှန်ကန်စွာ အစေးခြစ်နိုင်ရေးအတွက် ရော်ဘာစိုက်ပျိုးရေးသမားများနှင့် ဝါသနာရှင် ၇၀ ဦးအား ရော်ဘာပင်၏ အခေါက်တည်ဆောက်ပုံ၊ စနစ်တကျအစေးခြစ်နည်းနှင့် အရည်အသွေးပြည့်ဈေးကွက်ဝင် ရော်ဘာပြားရရှိရေးအတွက် အဆင့်မြင့်မှိုင်းခံရော်ဘာပြားများထုတ်လုပ်ပုံအဆင့်ဆင့်ကို ပြည်နယ်စက်မှုသီးနှံမှ သင်တန်းနည်းပြများက ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်ပို့ချခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

❐

# ဈေးနှုန်းသက်သာပြီးဆေးဘက်ဝင်ဟော်လန်သံပုရာ



**ခ** အေးအေးမိုးလှိုင်

ယခုအခါ သံပုရာသီးရှားပါးမှု၊ ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် ဟော်လန်သံပုရာ ဟုခေါ်သော သံပုယိုသီးကို အစားထိုးသုံးစွဲလာကြသည်။ ဟော်လန်သံပုရာကို ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်အတွင်း အလေ့ကျ ပေါက်ရောက်တတ်ပြီး အချို့ရေပေါများသောဒေသများတွင် တစ်ပိုင်တစ်နိုင်သော်လည်းကောင်း၊ စီးပွားဖြစ်သော်လည်းကောင်း စိုက်ပျိုးကြသည်။ အသီးမှာ သံပုရာသီးထက်ကြီးပြီး အချို့မာလကာသီး၊ ပန်းသီးလောက်အထိအရွယ်ရှိသည်။ အခွံပါးလွှာပြီး အစေ့မပါဘဲ အရည်ရွှမ်းသည်။ အရသာမှာ သံပုရာသီးလောက်အချဉ်ဓာတ်မပြင်းဘဲ သံပုရာရည်အရသာမျှဖြင့် ခံတွင်းတွေ့စေသည်။ အရည်ကိုအဖျော်သက်သက်သုံးနိုင်ပြီး အချဉ်လုပ်သည့်အဆင့်မရှိချေ။ အရည်ညှစ်ပြီးသား အခွံကို သံပုယိုထိုးစားသုံးနိုင်သည်။ ဟော်လန်သံပုရာ၏ အာနိသင်သည် အဆီကျစေပြီး နှလုံးအဆီဖုံးခြင်း၊ သွေးကြော အဆီပိတ်ခြင်းတို့ကို လျော့နည်းသက်သာစေသည်။ အဝလွန်သည့် ကိုယ်လက်စထရောများကို လျှော့ချစေနိုင်သည့်အပြင် အခြားကျန်းမာရေးကိုကောင်းစေသော အာနိသင်များပါရှိပါသည်။

ဟော်လန်သံပုရာကို အထက်ပါဒေသများအပြင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ဆည်လမ်းဆုံနှင့်လေသာကျေးရွာကြားတွင် စီးပွားဖြစ်စိုက်နေသည်ကို ထပ်မံတွေ့ရှိရသည်။ ဟော်လန်သံပုရာပင်သည် အခြားအပင်များကဲ့သို့ အထွေအထူး ထိန်းသိမ်းစောင့်ရှောက်ရန် မလိုအပ်ဘဲ ရေရှိလျှင် လုံလောက်သောကြောင့် ယခုအခါ စိုက်ပျိုးသူများလာသည်ကိုတွေ့ရသည်။ နှစ်စဉ်ဝင်ငွေရရှိပြီး သံပုရာသီးအစားထိုးသုံးစွဲလာကြသောကြောင့် ဟော်လန် သံပုရာ စိုက်ပျိုးလုပ်ကိုင်ကြသူများ၏ ခြံများသို့သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဟော်လန်သံပုရာစိုက်ပျိုးသူ ဦးကြည်အောင်က "ကျွန်တော်က မူတောရာကပါ၊ ဒီဆည်လမ်းဆုံနားမှာ ခြံပိုင်ရှင်နဲ့ ကျွန်တော် ရာခိုင်နှုန်းနဲ့ အကျိုးတူစိုက်ပျိုးတာပါ၊ ခြံအကျယ်အဝန်းက သုံးဧကကျော်ရှိပါတယ်။ ဒီခြံကို စတင်ပျိုးထောင်တာ သုံးနှစ်ထဲရောက်နေပါပြီ၊ ခြံရှင်က ဟော်လန်သံပုရာစိုက်မယ့် ပျိုးပင်တွေနဲ့ စိုက်ပျိုးရေးပစ္စည်းတွေ အကုန်ဝယ်ပေးပါတယ်။ ကျွန်တော်က စိုက်ပျိုးရေးဘက်မှာ တာဝန်ယူဆောင်ရွက်ပေးပါတယ်၊ စိုက်ပျိုးနည်း နည်းပညာလိုအပ်ပါတယ်။ ပထမဆုံး ပျိုးပင်ကို တစ်လပျိုးရပါတယ်။ တစ်လပြည့်လို့ အမြစ်စုံတာနဲ့ နုတ်ရပါတယ်။ ပျိုးအိတ်ထဲကိုထည့်ရင်ထည့် ဒါမှမဟုတ် တိုက်ရိုက်စိုက်ရင်စိုက်လို့ရပါတယ်။ ကိုင်းကူးစိုက်လို့လည်းရပါတယ်။ အပြင်က ကိုင်းကူးပြီးရင် ရက် ၄၀ ဒါမှမဟုတ် တစ်လလောက်ကြာရင် ရပါတယ်။ မိုးတွင်းစိုက်ရင်ပိုကောင်းပါတယ်။ အပြင်ထုတ်စိုက်ရပါတယ်။ ရှစ်လ၊ တစ်နှစ် အပင်အရွယ်ရောက်တာနဲ့ အသီးသီးပါတယ်။ ရှစ်လသားအသီးကို မခူးရသေးပါဘူး။ အသီးအားနည်းသွားမှာ စိုးလို့ပါ။ အဲဒီအခါ ကိုင်းဖြတ်လိုက်ပါတယ်။ တစ်ကိုင်းဖြတ်ရင် နှစ်ပင်ရပါတယ်။ ကိုင်းဖြတ်ပေးလေ အသီးအားတက်လေ၊ အပင်အုံကောင်းလေဖြစ်ပါတယ်။ တစ်နှစ်မှ နှစ်နှစ်ကြာတဲ့အခါ ကိုင်းတွေအကုန်လုံးမှာ အသီးသီးပါတယ်။

"ကျွန်တော်တို့ခြံမှာ ဟော်လန်သံပုရာတစ်မျိုးတည်းပဲစိုက်ပါတယ်။ ဟော်လန်သံပုရာမှာ မျိုးကွဲ များများမရှိပါဘူး။ အသီးသီးလို့ တစ်ခါခူးရင် နှစ်တင်းဝင်အိတ်နဲ့ခူးပါတယ်။ ခုဆို ဟော်လန်သံပုရာ ရောင်းအားကောင်းတော့ တင်ပို့ချိန်မရှိပါဘူး။ ပွဲစားတွေကလာယူပါတယ်။ သူတို့လာယူတဲ့အခါမှ ခူးပေးပါတယ်။ ဖုန်းဆက်မှာရင် ကြိုခူးထားပါတယ်။ အခုလက်ရှိ ဈေးကွက်ထဲမှာ နှစ်တင်းဝင်တစ်အိတ်ကို ကျပ် တစ်သောင်းခြောက်ထောင်၊ ခုနှစ်ထောင်၊ ရှစ်ထောင်အထိ ပေးပါတယ်။ ခူးခ၊ သွားစရိတ်၊ လာစရိတ်နဲ့ဆိုတော့ ဒီမှာတင် ကျပ်သောင်းနှစ်ထောင်နဲ့ရောင်းလိုက်ပါတယ်။ အလုံး အကြီးအသေးရောထဲ့ပြီး ရောင်းပါတယ်။ တစ်အိတ်ဆို အလုံးရေ သေးရင် ၉၀၀ ဆံ့ပါတယ်။ ကြီးရင် ၆၅၀ ကနေ ၈၀၀ အထိဆံ့ပါတယ်။

"ဒါကတော့ နိုင်ငံခြားစပ်မျိုးလို့ ခေါ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်လောက်က ပျဉ်းမနားမှာ စိုက်ပါတယ်။ စိုက်ပျိုးနည်း စာအုပ်လည်းထွက်ပါတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီလက ဈေးမကောင်းပါဘူး။ ဧပြီလလောက်ဆိုရင် ဈေးကောင်းပါတယ်။ မနှစ်က ကျပ်သုံးသောင်းဈေးရပါတယ်။ ဒီနှစ်တော့ ကျပ်သုံးသောင်းကျော်မယ်ထင်ပါတယ်။ အခုနှစ်က အယ်လ်နီညိုကျလို့ အပူချိန်များပြီး ဖျော်ရည်သောက်ကြတဲ့အခါ ဈေးသက်သာပြီး အလွယ်တကူသုံးစွဲနိုင်မယ့် ဟော်လန်သံပုရာရည် သောက်သုံးရင် ကျန်းမာရေးနဲ့လည်းညီညွတ်မယ်၊ အလွယ်တကူလဲသောက်သုံးနိုင်မှာမို့ သုံးစွဲသူ တိုးပြီး ရောင်းအားကောင်းမယ်ထင်ပါတယ်။ စိုက်ရတာလဲ အခက်အခဲသိပ်မရှိပါဘူး။ နည်းပညာသိရင် လွယ်ပါတယ်။

"နည်းပညာနဲ့ပတ်သက်လို့တော့ ပျိုးထုပ်ထုပ်တဲ့အချိန်မှာ အပင်ထည့်ရမယ့်ဆေးနဲ့ မြေကြီးကိုသမအောင်နယ် ရပါမယ်။ ဆေးက ထိုင်းကလာတဲ့ W Tonic ဆေးဖြစ်ပါတယ်။ အပင်ကို လက်တစ်လုံးလောက်ရစ်လိုက်ရတယ်။ အဖတ်ခွာပြီး အဲ့ဒီနေရာကို မြေကြီးအုံပြီးရင် ပလတ်စတစ်နဲ့ပတ်၊ နောက်အထက်အောက်ကြိုးချီပြီးရင် တစ်လထားလိုက်ရပါတယ်။ တစ်လပြည့်ရင် အမြစ်တွေထွက်လာပါတယ်။ အမြစ်အားကောင်းတာနဲ့ အပင်ကိုဖြတ်လိုက်ပြီး မြေကြီးကို အနက်တစ်ပေတူး၊ ကျင်းထဲမြေဆွေးထည့်၊ ဖြတ်လိုက်တဲ့ကိုင်းကို ပလတ်စတစ်ခွာ၊ W Tonic ဆေးရည်ထဲမှာ နှစ်မိနစ်စိမ်လိုက်ရင် အပင်အားရှိသွားပြီး တိုက်ရိုက်စိုက်လိုက်ရုံပါပဲ။ ဒါဆိုရင် နောက်မကြာမီ အပင်ဖြစ်လာပါတယ်။

"စိုက်ပြီးတစ်လကျော်သွားရင် အပင်အတက်တွေထွက်လာမယ်။ ပုလဲမြေသြဇာ လက်ဖက်စားဇွန်း တစ်ဇွန်းနဲ့ ဘေးကနေဖြန်းပေးလိုက်၊ ရေတိုက်လိုက်၊ ကျန်တာကတော့ သိပ်အထွေအထူးမရှိပါဘူး။ ပိုးကျရင်ကျတဲ့အပေါ်မှာ မူတည်ပြီး ဆေးထည့်ရပါတယ်။ အရွက်ပိုးစားရင် ဆေးပြင်းတွေဖြစ်တဲ့ မလန်ဒါကို ဆေးဖြန်းပုံးထဲထည့်ပြီး ဖြန်းရပါတယ်။ အသီးလိုက်ရင် ရေကြိုက်ပါတယ်။ နွေရာသီဆိုရင် ရေတောက်လျှောက်တင်ရပါတယ်။ ရေတင်မှ အပွင့်တင် မယ်။ ရေမတင်ရင် နွေအပူဒဏ်နဲ့ အောက်ပိုင်းကရေမရရင် ခြောက်ကုန်တယ်၊ ရေတင်လိုက်မှ အပွင့်တွေ အောင်သွား တယ်။ အသီးတွေသီးရင် အပင်တွေကို အားဆေးလိုက်ဖြန်းပေးရပါတယ်။ ခုနစ်ရက်တစ်ခါ ရေပေးရပါတယ်။ မိုးတွင်းဆိုရင်ပိုကောင်းပါတယ်။ ရေနစ်သွားရင်လည်း ဘာမှမဖြစ်ပါဘူး။ ရေလျော့သွားရင်လည်း အပင်က အကောင်းအတိုင်းပဲ။ စစိုက်တုန်းက အမြန်ပြီးချင်တော့ လုပ်သားအင်အား ရှစ်ယောက်၊ ကိုးယောက်လောက်နဲ့စိုက်ပါတယ်။ အဲဒီနောက် ပေါင်းရှင်း၊ မြေသြဇာထည့်၊ ရေတိုက်နဲ့ ပိုးသတ်ဆေးဖြန်းတာလောက်ပဲရှိတော့ပါတယ်။ ယောကျ်ားလေးဆို လခစားတစ်ယောက် တစ်သိန်း၊ မိန်းကလေးဆို နေ့စား တစ်နေ့ ကျပ် ၂၅၀၀ နဲ့ငှားပါတယ်။ အသီးမဖြိုင်ခင်မှာ အလုပ်သမားစရိတ်နဲ့ အရင်းလောက်ပဲရပါတယ်။ အပင်ရဲ့ အကျိုးအမြတ်က လချုပ်နဲ့မရပါဘူး။ နှစ်ချုပ်နဲ့ အကျိုးအမြတ်ရပါတယ်။ အသီးတွေသီးသွားရင် လုပ်သားသိပ်မလိုတော့ဘဲ နှစ်ယောက်လောက်နဲ့ရပါတယ်။

"ရွာနီးနားကလည်း လာဝယ်ကြပါတယ်။ အသီးခူးခက တစ်အိတ်ကို ကျပ်တစ်ထောင်ပေးရပါတယ်။ အရေးကြီးတဲ့နေ့ဆိုရင် များများခူးပါတယ်။ တစ်ယောက်ကို တစ်နေ့ သုံးလေးအိတ် ခူးကြပါတယ်။ တစ်နှစ်ခွဲလောက်အထိကတော့ ငွေစိုက်ထည့်နေရသေးတယ်။ သုံးနှစ်ကို သိန်း ၈၀ ကျော်၊ သိန်း ၁၀၀ ဝန်းကျင်စိုက်ထည့်နေရသေးတယ်။ ဒီနှစ်အသီးကစလို့ ဝင်ငွေပြန်ဝင်လာတာ အနိမ့်ဆုံး ကျပ်သိန်း ၃၀၊ ၄၀ လောက်တော့ဝင်လာပါတယ်။ လာမယ့်နှစ် ဆိုရင် ပိုရမယ်။ အခုမှ စသီးတာဆိုတော့ ဒီလောက်ပဲရှိမှာဖြစ်ပါတယ်။ စားသုံးသူ တိုက်ရိုက်လာဝယ်ရင် လက်လီ၊ လက်ကားရောင်းပေးပါတယ်။ မန္တလေး၊ မတ္တရာဘက်ကလည်း သံပုရာသီးတွေလာပါတယ်။ ပျိုးပင်တွေလည်း ရောင်းပေးပါတယ်။ အရင်ကျွန်တော်တို့ စစိုက်တုန်းက ပျိုးတစ်ထုပ်ကို တစ်ထောင်ကျော်ပေးရတယ်။ ဒီမှာက ကျပ် ၈၀၀ လောက်နဲ့ရောင်းပေးပါတယ်။ အိမ်သုံးစိုက်ရင် နည်းပညာပြောပေးလိုက်ပါတယ်။ စီးပွားဖြစ် ရာနှင့်ထောင်နှင့်ချီစိုက်မယ်ဆိုရင် နည်းစနစ်လိုက်ပြပေးပါတယ်။ ဘယ်လိုစိုက်မယ်။ တစ်ပင်နှင့်တစ်ပင်ခြား ဘယ်လောက်ခြားရမယ်။ ရေသောက်ဖို့အတွက်ကို မြောင်းဘယ်လိုထားပေးရမယ်ဆိုတာတွေကို ပြောပေးပါတယ်" ဟု ဇေယျာသီရိမြို့နယ်မှ ဟော်လန်သံပုရာ စိုက်ပျိုးသူ ဦးကြည်အောင်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။

စားသုံးသူပြည်သူများအနေဖြင့် လန်းဆန်းပေ့ါပါးပြီး ရွှင်လန်းတက်ကြွစေသည့် ဖျော်ရည်စစ်ကို သောက်သုံးကြရာတွင် ယခင်က သံပုရာရည်ကိုသောက်သုံးလေ့ရှိသော်လည်း သံပုရာသီးဈေးကြီးသဖြင့် သံပုရာဖျော်ရည်စစ်ကို မသောက်သုံးနိုင်ကြတော့ချေ။ ထိုအချိန်တွင် ယခုကဲ့သို့ သံပုရာသီးစစ်နှင့်အလားတူ ဟော်လန်သံပုရာပင်များကို စိုက်ပျိုးသူများရှိလာသဖြင့် ဈေးကွက်တွင် ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ပြီဖြစ်ရာ အသင့်သုံးဖျော်ရည်ဗူးများ သောက်သုံးသည့်အစား ကျန်းမာရေးနှင့်ညီညွတ်သည့် ဆေးဘက်ဝင် ဟော်လန်သံပုရာသီးများကို လွယ်လွယ်ကူကူ ဈေးသက်သက်သာသာ ဝယ်ယူသုံးစွဲနိုင်မည့်အပြင် မိသားစုတစ်နိုင်တစ်ပိုင်ဖြစ်စေ၊ စီးပွားဖြစ်စေ စိုက်ပျိုးလိုလျှင် စိုက်ပျိုးနိုင်ရန်အတွက် စီးပွားရေး၊ ကျန်းမာရေးဓာတ်စာတစ်မျိုးအဖြစ် မျှဝေပေးလိုက်ရပါသည်။ ။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆အေ)၊ မြေကွက်အမှတ်(၆)၊ မြေကွက်တည်နေရာအမှတ်-၄၀၊ နတ်စင်လမ်း၊ မကျည်းတန်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ (မောင်ဘသောင်း) အမည်ပေါက် နှစ်(၃၀)ဂရန်သက်တမ်းမြေအား အမည်ပေါက် မောင်ဘသောင်း(ဖခင်)နှင့် (မိခင်)ဒေါ်ကြင်ညွန့် ကွယ်လွန်သဖြင့် ဒေါ်အေးအေးမြတ်၊ ဒေါ်ခင်ချိုသောင်း၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါ်သင်းသင်းရီ ဒေါ်ခင်မြင့်သောင်း၊ ဦးတင်ဦးမောင်တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြော်ငြာစာချုပ်-၄၁၅၁/၂၅-၇-၁၄အရ ပိုင်ဆိုင်ပြီး၊ ၎င်းတို့အနက် ဒေါ်အေးအေးမြတ် ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးတင်စိုးမှ ဒေါ်အေးအေးမြတ် ပိုင်ဆိုင်သည့်အစုအား ပိုင်ဆိုင်ကြောင်းစာချုပ်(၅၇၇၀/၁၁-၈-၁၅) ပိုင်ဆိုင်ခဲ့ပြီးနောက် ဒေါ်ခင်ချိုသောင်း ကွယ်လွန်သဖြင့် ဒေါ်ခင်အုန်းမြင့် [၁၂/ကမတ(နိုင်)၀၃၅၉၆၃]၊ ဒေါ်သင်းသင်းရီ[၁၁/စတန(နိုင်)၀၀၉၆၃၂]၊ ဒေါ်ခင်မြင့်သောင်း[၁၂/ကမတ(နိုင်)၀၃၅၂၀၈]၊ ဦးတင်ဦးမောင်[၁၂/ကမတ(နိုင်)၀၃၅၅၂၃]တို့မှ မောင်နှမများ တော်စပ်ကြောင်း ကိုယ်တိုင်နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၂၆/၁၀-၁-၁၄)၊ (၁၁၅၃၇/၂-၁၁-၁၅)ရသူ ဦးတင်စိုး[၁၂/ကမတ(နိုင်)၀၄၃၃၃၂]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

FORWARD RENT A CAR
09-259259180 , 09-259259182 , 09-5089800
March 4 -11 -18 -25 ထွက်မည်
မန်းရွှေစက်တော်နှင့်လမ်းဘုရားဖူး
ပုဂံ - ပုပ္ပါး - ပခုက္ကူ (ရွှေယ်တော်လေးဆူ)
အလောင်းတော်ကဿပ - မန္တလေး - စစ်ကိုင်း - မုံရွာ
တောင်ကြီး - အင်းလေး - ပင်းတယ - ကံ့လုံ
ထားဝယ် - ရှင်ကိုးရှင်
ကျိုက်ထီးရိုးနေ့ချင်းပြန် (တောင်သူလယ်သမားနေ့)
မော်လမြိုင် - ကျိုက္ကမီ - ဝက်စဲ / ဘားအံ - ကျုံထော်ရေတံခွန်
ပြည်ထုံးဘို - အဓကောက်တောင်
ကားမျိုးစုံ ငှားရမ်းပေးပါသည်၊ စား/တည်း/ပြီမ်း စီစဉ်ပေးပါသည်။

နှစ်ပေါင်း(၅၀)ကျော်မှသည် ယနေ့ ထိတိုင် အောင်မြင်နေသော
ရွှေငှက်ပြဲ
ပဲပီစပ်စစ်စစ်မှ
ထုတ်လုပ်ထားသော
ပုဂံဒေသ၏ ထူးခြားသော ဟင်းလျာ
ပုန်းရည်ကြီး
သန့်ရှင်းလတ်ဆတ်၍ တာရှည်အထားခံပါသည်။
ပင်ရင်း - ဦးငွေ+ဒေါ်တွန်း၊ ရွှေစည်းခုံဘုရားကြီးအနီး၊ ငါးမျက်နှာရပ်၊ ညောင်ဦးမြို့
ဖုန်း - ၀၆၁-၆၀၁၃၃၊ ၆၀၇၆၆၊
၀၉-၂၀၄၂၈၆၁၊ ၀၉-၂၅၆၀၀၆၅၂၃၊ ၀၉-၇၉၄၆၅၄၄၆၄
ပုဂံ ရောက်လျှင် မမေ့ဘို့ နော် ...

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မေမြစ္စာလမ်း၊ အမှတ် (၇၄)၊ ခြေရင်း (၄-လွှာ)ကို ပိုင်ရှင် ဒေါ်ငွမ်းပုံ (၇/ညလပ(နိုင်) ၁၅၆၉၉၃) ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးငြိမ်းချမ်းနှင့် ဒေါ်ဇာကြည်အောင်တို့မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။ (၁၆-၂-၁၆) ရက်နေ့တွင် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤစာကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းများနှင့် အတူ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုနောက်ပိုင်း အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးငြိမ်းချမ်း
(၁၃/ပတယ(နိုင်)၀၃၄၇၆၄)
ဒေါ်ဇာကြည်အောင်
(၁၂/ဥကမ(နိုင်) ၀၉၀၈၀၅)

ဦးဝင်းမြင့် B.A (Law) LL.B
တရားလွှတ်တော်ရှေ့နေစဉ်-၇၅၈၀
အမှတ်(၆၃)သီတာလမ်းကျောက်မြောင်း
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၄၂၈၀၀၆၁၉၆၊ ၂၆၃၂၈၄၄၃၃

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၂၀၄)ဟုခေါ်တွင်သော (၄)ထပ်အဆောက်အအုံ၏ ပထမထပ် (ဝဲဘက်ခန်း)တိုက်ခန်းကို အမည်ပေါက်လက်ဝယ်ထားရှိသူ ဒေါ်ဝင်းမြင့်(ခ)ဒေါ်ခင်ဝင်းမြင့်[၁၂/ကတတ(နိုင်)၀၀၆၇၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချို(ခ)ဖယ်မိတား[၁၃/တကန(နိုင်)၁၂၁၇၁၀]ကိုင်ဆောင်သူက အပြီးအပိုင်လွှဲပြောင်းရယူမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားဖြင့်ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါ အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးခင်မောင်လတ် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၂၉)
အမှတ်(၅၅)၊ အခန်း(၅)၊ ဒုထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## စိန်ရတုမွေးနေ့မင်္ဂလာဆုပန်လွှာ

ချစ်ဇနီး၊ ကျေးဇူးရှင်ချစ်မေမေ သာသနာ့ဒါယိကာမကြီး ဒေါ်မြင့်မြင့်၏ ၂၇-၂-၂၀၁၆ရက်တွင် ကျရောက်သော စိန်ရတုမွေးနေ့ မင်္ဂလာရက်မြတ်မှသည် သက်ရာကျော်တိုင် ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် ဘာသာသာသနာအကျိုး ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ချစ်ခင်ပွန်းဦးစိုးမော်(နိုင်ငံခြားသစ်ကိုယ်စားလှယ်)နှင့် သားသမီးမြေးတစ်စု
U-4, အေရှိန်းဗီလာ၊ မြကန်သာ၊ လှိုင်မြို့နယ်

စိန်ရတုမွေးနေ့မင်္ဂလာဓမ္မပူဇာသဘင်

၂၆-၂-၂၀၁၆ရက်(သောကြာနေ့) ဓမ္မဒူတ ၁၀မိုင်ကုန်းဆရာတော် ဒေါက်တာအရှင်ပညိဿရာဘိဝံသ
၂၇-၂-၂၀၁၆ရက်(စနေနေ့) မဏ္ဍိုမဂုဏ်ရည်ဆရာတော်ဒေါက်တာအရှင်ကောဝိဒ
၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) ဖြူးမဟာစည်ဆရာတော် ဒေါက်တာအရှင်အဂ္ဂဝရ
ညစဉ် (၇)နာရီ-ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၊ အေးရိပ်မွန်လမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ ကမာရွတ်ဘူတာနောက်ကျောဘက်

## မွေးနေ့ဆုမွန်

ကောကောကြီး(ခ)မအေးသိန်း(မအေးသိန်းဆေးဆိုင်)၏ (၂၇-၂-၂၀၁၆)ရက်တွင် ကျရောက်သော ပျော်ရွှင်ဖွယ်ရာ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများဖြင့် ပြည့်စုံ၍ ချစ်သောမိဘ၊ ညီအစ်ကိုမောင်နှမများ၊ တပည့်များနှင့်အတူ အောင်မြင်ပျော်ရွှင်သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်တပည့်များ
ဦးချို၊ ကိုမျိုးမင်း၊ ကိုမျိုးနိုင်ဦး၊ ကျော်ထူး
ဆွေဆွေ၊ ဖိုးမူ၊ ယမင်း၊ ကေသီ၊ ဝိုင်းမွန်ငြိမ်း
အမှတ်(၁၈)၊ (၁၃၅)လမ်း၊ ရွှေမင်္ဂလာဈေးအပေါက်ဝတည့်တည့်၊ MOB Bank ဘေးလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ်-၅ငြ/၉၅၀၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွှာသာကြီး)**

**မီး သတိပြု**

## တပို့တွဲလ ထမနဲပွဲ . . . ပျော်ရွှင်စွာ တူဆင်နွှဲ















www.facebook.com/RoyalMyanmarTea

မြန်မာ့လက်ဖက်ရည်ရသာစစ် ရွိုင်ရယ်မြန်မာတီးမစ်မှ ဂုဏ်ယူစွာပံ့ပိုးကူညီသော တပို့တွဲလ ထမနဲထိုးပွဲအား ရန်ကုန်မြို့၊ ပျဉ်းမနားမြို့၊ ပုသိမ်မြို့၊ မော်လမြိုင်မြို့၊ မုံရွာမြို့၊ ပြည်မြို့၊ တောင်ကြီးမြို့၊ ကျိုင်းတုံမြို့၊ လားရှိုးမြို့များတွင် ပြုလုပ်ကျင်းပခဲ့ရာ ပါဝင်ဆင်နွှဲ ယှဉ်ပြိုင်အားပေးကြသော မိဘပြည်သူများအား ကျေးဇူးအထူးတင်ရှိပါသည်။

မြန်မာ့လက်ဖက်ရည်ရသာစစ်

Royal Myanmar Teamix

## မွေးနေ့မင်္ဂလာတောင်းဆုလွှာ

၂၇-၂-၂၀၁၆ရက်တွင် ကျရောက်သော ချစ်ကောကောကြီး (မအေးသိန်းဆေးဆိုင်)၏ ပျော်ရွှင်ဖွယ်ရာ မွေးနေ့လေးမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် အောင်မြင်ပြီး ပြည့်စုံသော နေ့ရက်များစွာကို ချစ်တပည့်များနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းပါစေ။ **ချစ်တပည့်များ**

**သက်သက်၊ ထက်ထက်၊ နိုင်လေး**
**အမှတ်(၁၇၄/၁၇၅)၊ တတိယထပ်၊ ကားပါကင်၊ ရွှေမင်္ဂလာဈေး။**

## မွေးနေ့ဆုမွန်

ပျော်ရွှင်သော မွေးနေ့ရက်မြတ်လေးပါရှင်

ယနေ့တွင် ကျရောက်သော ချစ်ကောကောကြီး(မအေးသိန်းဆေးဆိုင်)၏ မင်္ဂလာရှိသောမွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၀၀)ကျော်တိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများဖြင့် ပြည်စုံ၍ အောင်မြင်ပြီးပြည့်စုံသော နေ့ရက်ပေါင်းများစွာကို ရရှိပိုင်ဆိုင်နိုင်ပါစေ။ **Diper House**

**ပပ၊ အောင်အောင်၊ ငြိမ်းချမ်း**
**အမှတ်(၄၁၁၊ ၄၁၂)၊ တတိယထပ်၊ ကားပါကင်၊ ရွှေမင်္ဂလာဈေး။**
**အမှတ်(၆၀၁)၊ တတိယထပ်၊ ကားပါကင် ရွှေမင်္ဂလာဈေး။**

## မွေးနေ့ဆုမွန်

ပျော်ရွှင်ဖွယ်ရာမွေးနေ့ရက်မြတ်လေးပါ ကောကောကြီးရေ---

ယနေ့တွင် ကျရောက်သော ကောကော(ခ)မအေးသိန်း(မအေးသိန်းဆေးဆိုင်)၏ မွေးနေ့ရက်မြတ်မှစ၍ စီးပွားရေးလုပ်ငန်းဆောင်တာများ၊ အရောင်းအဝယ် ကိစ္စရပ်များအားလုံး ယခုထက်ပိုမို၍ အောင်မြင်ကြီးပွားတိုးတက်ပါစေကြောင်း ကျွန်တော်များ BELL Bird'sNest မိသားစုများမှ ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ **BELL Bird's Nest Group**

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

**Happy Birthday** ပါ ကောကောကြီး---

ယနေ့တွင် ကျရောက်သော် မအေးသိန်း(ခ)ကောကောကြီး၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော တပည့်များနှင့်အတူ အောင်မြင်ပျော်ရွှင်သော မွေးနေ့ပေါင်းများစွာကို အတူတကွ ဖြတ်သန်းသွားနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ကိုအောင်ဝင်းသိန်း၊ ကိုဇော်ဇော်လင်း(Family Pharmacy)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဓဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၃**

မြန်မာကံတိုကူအေဂျင်စီကုမ္ပဏီလီမိတက် နှင့် ဒေါ်မြစိန်
(MD ဦးမောင်မောင်ဦး)
တရားလို တရားပြိုင်

အိမ်အမှတ်-၉၇၇/ခ၊ စည်ပင်လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်မြစိန်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက စာချုပ်ပါလျော်ကြေးငွေကျပ်သိန်း (၃၀၀)တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၆ခုနှစ်၊ မတ်လ(၇)ရက် (၁၃၇၇ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ရက်)နေ့မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင်သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ(၂၃)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်လွင်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

MPT ရဲ့ အကျယ်ပြန့်ဆုံးကွန်ရက် 3G+ နဲ့ ချိတ်ဆက်

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

# dataများနဲ့ည 1MBကို ပြား ၈၀

## အသက်သာဆုံး Package နဲ့ ပျော်ပျော် ဆက်သုံးကြမယ်




| သက်တမ်း | DATA ပမာဏ | ဈေးနှုန်း | အင်တာနက်နှုန်းထား | ဝယ်ယူရန် | |
|---|---|---|---|---|---|
| | | | | USSD Codeဖြင့် | SMSဖြင့် |
| (၁)ည | 250 MB | ၃၀၀ကျပ် | ၁ကျပ် ပြား၂၀/MB | *237*1# | 1N to 1332 |
| (၇)ည | 1 GB | ၁၀၀၀ကျပ် | ၁ ကျပ်/MB | *237*2# | 7N to 1332 |
| ညပေါင်း(၃၀) | 4 GB | ၃၂၀၀ကျပ် | ပြား ၈၀/MB | *237*3# | 30N to 1332 |

(၃၁-၃-၂၀၁၆)အထိ ရယူနိုင်ပါသည်။

ညစဉ် ည(၁၁) နာရီမှ နံနက်(၇)နာရီအတွင်း အသုံးပြုနိုင်ပါသည်။

- "ဆွေသဟာ" ရယူထားသည့် GSM/WCDMA (Postpaid နှင့် Pre-paid) အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
- Promotion ကာလအတွင်း ညစဉ် ည (၁၁)နာရီ မှ နံနက် (၇)နာရီ အထိ နာရီပေါင်း (၈) နာရီကြာ အသုံးပြုနိုင်ပါမည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အသုံးပြုရန်သတ်မှတ်ထားသော Data ပမာဏ ကုန်သွားပါက ထပ်မံဝယ်ယူ အသုံးပြုနိုင်ပါသည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အင်တာနက်သုံးစွဲမှုများကို "Dataများနဲ့ည Package"မှသာ ကောက်ယူသွားမည်ဖြစ်ပါသည်။
- ဝယ်ယူထားသောPackageမှအင်တာနက်သုံးစွဲမှုများကျော်လွန်ပါက ပုံမှန်နှုန်းထားအတိုင်းဆက်လက် ကောက်ယူသွားပါမည်။
- MPT SIM ကဒ် ကို SIM Slot 1 တွင် ထည့်သွင်းအသုံးပြုပါက ပိုမိုကြည်လင်ပြတ်သားသောအသံနှင့် မြန်ဆန်သော 3G အင်တာနက် ဝန်ဆောင်မှုကို ရရှိနိုင်ပါမည်။

ဆွေသဟာ ရယူရန် "SWE" ဟုရိုက်၍ 1332 သို့အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှုရယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage
MPT OFFICIALသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
CALL CENTER 106
(၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

SAMSUNG

2016 MARCH SAMSUNG DAY

Samsung Smart Phones နှင့် Tablets

တွေဝယ်ယူပြီး GIORDANO ကူပွန်လက်ဆောင်တွေ ရယူကြရအောင်....

မတ်လ ၁ ရက် မှ ၃ ရက် အထိ

• ကျပ် ၅ သိန်းနှင့် အထက် ဝယ်ယူသူတိုင်း ကျပ် ၅ သောင်းတန် ကူပွန်

• ကျပ် ၂ သိန်း မှ ၅ သိန်း အထိ ဝယ်ယူသူတိုင်း ကျပ် ၃ သောင်းတန် ကူပွန်

• ကျပ် ၂ သိန်းအောက် ဝယ်ယူသူတိုင်း ကျပ် ၂ သောင်းတန် ကူပွန်




+




Coupon နှင့်အတူ Samsung Towel (၁) ထည်ရယူပါ

GIORDANO Couponနှင့် နှစ်သက်ရာ ဖက်ရှင်နှင့် အသုံးအဆောင်များဝယ်ယူနိုင်မည်။



လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။

ပရိုမိုးရှင်းအစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar နှင့် Giordano တို့မှ သတ်မှတ်ထားသည့်အတိုင်းသာ ဖြစ်သည်။

samsungmobilemyanmar samsungmyanmar samsungmyanmar

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် Samsung promoter ရှိသော အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

Call Center 01 2399 888 (Mon-Sun) 8AM to 6PM

ကြော်ငြာ







**River Art**

**(နွေပန်းချီသင်တန်း)**

- အခြေခံပန်းချီဆွဲနည်း
- ပထဝီ၊ သိပ္ပံ၊ ဘိုင်အို(၉တန်း၊ ၁၀တန်း)စနစ်တကျဆွဲနည်း
- River Art(1).No.(210), 4A, မဟာဗောဓိ ၂လမ်း၊ လှည်းတန်း
- River Art(2).No.(27), 4A, ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်းမီးပွိုင့်အနီး
- Art Teacher-Hla Thida Win Ph:09-5091873

**မတ်လ (၇)ရက် ဖွင့်ပြီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၉/က၊ မြေကွက်အမှတ်-၄၆/ခ၊ ဧရိယာ ၀.၉၃၈ဧက၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာအမှတ်-၁၉(ခ)၊ အောက်မင်္ဂလာဒုံလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်(မောင်ကျော်လှိုင်) အမည်ပေါက် မြေပိုင် လ/န ၃(ခ)ရပြီး မြေအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၂၄/၂၀၁၅ဖြင့် ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု၏ ၁၆-၉-၂၀၁၅ရက်စွဲပါ တရားရုံးစီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် ၆၅/၂၀၁၅အရ ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၁၄-၁၂-၂၀၁၅ရက်စွဲပါ တရားရုံးနေ့စဉ်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှတ်တမ်း၊ ၂၈-၁၂-၂၀၁၅ရက် ဘီလစ်ခန့်စာတို့တင်ပြပြီး ဘီလစ်ဒေါ်ချစ်စုဝင်း ၁၂/ဥကမ(နိုင်)၂၃၁၀၁၉၂မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆အိပ်ချ်၊ မြေကွက်အမှတ် ၆၄အေ/၂နှင့် ၆၄ဘီ/၂ မြေကွက်တည်နေရာအမှတ်-၆၁၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ် ဒေါ်ကြည်ကြည်ဒိုင် အမည်ပေါက် မြေပိုင်မြေ (၂)ကွက်အား အမည်ပေါက် ဒေါ်ကြည်ကြည်ဒိုင်ကိုယ်စား ၎င်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာ(၁၀၄၂/၂၀၁၅)ရရှိသူ ဦးညီညီဆွေတင်(ခ)ဦးမင်းဆွေတင်၊ ၁၂/ဗဟန(နိုင်)၁၀၉၁၉၂က အထွေထွေကိုယ်စားလှယ်လွှဲစာ မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ ဖော်ပြပါ မြေကွက် များခွဲထုတ်ခဲ့သော မူလမြေကွက်ကြီး အပါအဝင်မြေများအား ဒေါ်ကြည်ကြည်ဒိုင်မှ ဝယ်ယူခဲ့သည့် စာချုပ်(၁၆၃၈/၁၉၅၂) မိတ္တူမှန်တို့တင်ပြ၍ အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

FAME

**Nature A®**

Carotenoid complex

သဘာဝ ဆေး

ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

TMR 009439 (1014)
၂/၂၀၁၅ တဆကလ/တိုး(၀၆၅၇)

FAME

**Phototec®**

Natural antioxidant for eye

မျက်စိဆေး

ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

TMR 008234 (1115)
၂/၂၀၁၅ တဆကလ/တိုး(၀၆၅၃)

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ကြော်ငြာခွင့်မြူချက်အမှတ်
တဆဆက(စာနယ်ဇင်း) ၀၁၇/၀၃၁၅

**ဖျံ-၅-ကောင်** အမှတ်တံဆိပ်

**သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**

**တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။**

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၄၊ ၄၂ လမ်း။ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၅၉၄

ကြော်ငြာ

**ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏**
**နှစ်စဉ်ကျင်းပမြဲ သင်္ကြန်(၁၀)ရက်(အထူး)တရားစခန်းပွဲကြီး နှင့်**
**ဗုဒ္ဓဘာ ရဟန်း(၁၀၀)ပါး၊သာသနာ့နွယ်ဝင် သီလရှင်(၁၀၀)ပါး ဝတ်ပွဲ**
**သာသနာပြု ကုသိုလ်တော်ကြီး**

ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၊နဝရတ်လမ်း၊(၉)ရပ်ကွက်၊သာကေတမြို့နယ်၌ ဘုန်းဘုန်းကြီးအာဒိစ္စဝံသဇောတိကာဘိဝံသမှ(၁၃-၄-၂၀၁၆)မှ(၂၃-၄-၂၀၁၆)အထိကျင်းပပြုလုပ်မည့် နှစ်စဉ်ကျင်းပမြဲ သင်္ကြန်(၁၀)ရက်(အထူး)တရားစခန်းပွဲကြီးတွင် ယောဂီ(၈၀၀)ဦးမျှသာ လက်ခံမည်ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသော သူတော်စင်များ (၁-၃-၂၀၁၆)ရက်နေ့မှစတင်ပြီး ကိုယ်တိုင်ကြွရောက်စာရင်းပေးသွင်းနိုင်ပါသည်။

ကျေးဇူးရှင် ဆရာတော်အရှင်ပုညာနန္ဒ အားရည်မှန်း၍ ဆရာတော်ကြီးများနှင့် ဘုန်းဘုန်းကြီး အာဒိစ္စဝံသ တို့အား ဦးထိပ်ထားလျက် သာသနာပြု မိသားစုတို့မှ ရဟန်း(၁၀၀)ပါး၊ သာသနာ့နွယ်ဝင်သီလရှင်(၁၀၀) ပါးဝတ်ပွဲ သာသနာပြု ကုသိုလ်တော်ကြီးကို သင်္ကြန်အထူးတရားစခန်းပွဲကြီးတွင် ကုသိုလ်ပြု သွားမည်ဖြစ်ပါသဖြင့် ရဟန်း၊ သီလရှင်ဝတ်လိုသော သူတော်စင်များ လိုအပ်သောအချက်အလက် စုံလင်စွာဖြင့် ကိုယ်တိုင်ကြွရောက်စာရင်းပေးသွင်းနိုင်ပါသည်။

အသေးစိတ်သိလိုပါလျှင် (ဖုန်း-၀၁ ၅၅၃၃၃၀၊၀၁ ၅၅၁၁၇၂၊ ၀၉ ၅၀ ၁၃၂၉၇၊ ၀၉ ၈၆၁၁၇၀၀)သို့ဆက်သွယ်နိုင်ပါသည်။

**တိပိဋကဓရ(ယော) ဆရာတော်ကြီး၏**
**တိပိဋကဘွဲ့ရ (၃၁)နှစ်ပြည့်ကုသိုလ်ပွဲ**
**ရိပ်သာကျောင်းတိုက်တည် (၁၈) နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲ**
**ပရိယတ္တိစာသင်တိုက်တည် (၅) နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲ**
**စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ**
**အလှူတော်မင်္ဂလာဖိတ်ကြားလွှာ**

ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက တိပိဋကဓရ၊ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော) ဆရာတော်ကြီး၏ တိပိဋကဘွဲ့ရ သုံးဆယ်တစ်နှစ်ပြည့် ကုသိုလ်ပွဲမင်္ဂလာ၊ ရွှေဥမင်ဓမ္မသုခတောရ ရိပ်သာတည်ထောင်ဖွင့်လှစ်ခြင်း(၁၈) နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲ၊ စာသင်တိုက်တည် (၅) နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲများကို ကျင်းပပြုလုပ် ကုသိုလ်ရယူပူဇော်ကြရာတွင် ပင့်သံဃာ အပါး(၁၀၀)နှင့် သီလရှင်ဆရာလေးအပါး(၅၀)တို့အား လှူဒါန်းဖွယ်ရာအဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများကို ၁၃၇၇ခု၊ တပို့တွဲလပြည့်ကျော်(၁၂)ရက် ၆-၃-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၈း၀၀ နာရီတွင် ကျင်းပပြုလုပ်ပူဇော်ကြမည်ဖြစ်ပါ၍ ကျောင်းတိုက်၏ ပစ္စည်း(၄)ပါး ဒါယကာ၊ ဒါယိကာမများ ကုသိုလ်စေတနာရှင်များ အတူတကွ ကုသိုလ်အမျှ ရယူကြပါရန် လေးမြတ်စိတ်ထားဂါရဝတရားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဝေယျာဝစ္စ အကျိုးတော်ဆောင်အဖွဲ့**
**ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်**
**အောင်မြေသာယာလမ်း၊ ကုန်းတလပေါင်စံပြကျေးရွာ၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ ၇၃၀၉၆၀၇၂၊ ၀၉- ၇၃၁၅၂၆၄၂**

## လူပုဂ္ဂိုလ်များဆိုင်ရာ အဘိဓမ္မာသင်တန်းဖွင့်လှစ်ခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ၊ ပုဗ္ဗသီရိမြို့၊ ကျည်တောင်ကန်(၂)ရပ်ကွက်၊ မှန်ကျောင်းတိုက်တွင် လူပုဂ္ဂိုလ်များဆိုင်ရာ အဘိဓမ္မာသင်တန်းဖွင့်လှစ်မည်ဖြစ်ပါသည်။ ဓမ္မဗျူဟာသာသနမာမကအဖွဲ့၊ သင်တန်းမှူး **ဆရာမကြီး ဒေါ်ခင်လှတင်** (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ တပည့် ဆရာမ ဒေါ်ကြည်ကြည်ဝင်းမှ သင်တန်းမှူးအဖြစ် ဆောင်ရွက်မည်ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာတရားများကို ထဲထဲဝင်ဝင် လေ့လာသိရှိလိုသူများ၊ အခြေခံကျကျ ဝိပဿနာတရားများကို အားထုတ်လိုသူများ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာများ ပယ်သတ်လိုသူများ၊ သင်္ဂြိုလ်(၉)ပိုင်းကို အဆင့်အလိုက် စာမေးပွဲဖြေဆိုလိုသူများ လူမျိုးမရွေး၊ ဘာသာမရွေး၊ စိတ်ရှိသူတိုင်း/ ရုပ်ရှိသူတိုင်း မည်သူမဆို သင်တန်းသို့တက်ရောက်နိုင်ပါသည်။

သင်တန်းကို ၂၀၁၆ ခုနှစ်၊ မတ်လ ၁၉ရက်မှ ဒီဇင်ဘာလ ၁၈ရက်ထိ (၁၀)လပို့ချမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| သင်တန်းစတင်ဖွင့်လှစ်မည့်နေ့ | - | ၂၀၁၆ ခုနှစ်၊ မတ်လ ၁၉ရက်၊ မွန်းလွဲ ၁နာရီ |
| သင်တန်းနေရာ | - | မှန်ကျောင်းတိုက်၊ ကျည်တောင်ကန် အမှတ်(၂)ရပ်ကွက်၊ ပုဗ္ဗသီရိမြို့။ |
| သင်တန်းနေ့ရက် | - | အပတ်စဉ် (စနေ၊ တနင်္ဂနွေ) |
| သင်တန်းအချိန် | - | မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၄း၃၀ နာရီထိ |
| ဆက်သွယ်ရန် ဖုန်းနံပါတ်များ | - | ၀၉ ၄၉၂၅၂၁၄၃၊ ၀၉၇၉၇၈၈၀၅၀၄၊ ၀၉ ၇၈၈၅၄၄၅၀၀၊ ၀၉ ၂၆၀၈၅၃၇၆၇ |







ဦးထွန်းဦး-ဒေါ်ဝင်းမာ **TV (ရန်ကုန်)**

**အမျိုးသား / အမျိုးသမီး**
**ကားမောင်းစက်ပြင်သင်တန်း**

(၁) No. 97၊ ဗညားဒလလမ်း (၄ လမ်းမှတ်တိုင်နှင့် မဆလာစက်မှတ်တိုင်အနီး)
(၂) မဆလာစက်မှတ်တိုင်ရှေ့
(၃) မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း။

**Ph : 09-5041550, 09-73044311, 09-421150033, 09-440051112, 09-260111942.**

အမှန်တကယ်ကားမောင်းတတ်ကျွမ်းလိုလျှင်
TV (ရန်ကုန်) နှင့် သင်လိုက်ပါ။

**စိန်ငါးလုံး လိမ်းဆေးရည်** အမှတ်တံဆိပ်

ကြက်နို့ ၊ ငါးမျက်စိ ၊ သမင်ပြူ ၊ နင်းခူ ၊ ကင်ဆာ အကျိတ် ၊ မှဲ့ခြောက် မှဲ့ကြီး ၊ အသားမှဲ့သီးများနှင့် ခြေသည်းလက်သည်း ညိုမည်းခြင်း အပူလောင်ခြင်း ၊ အဆိပ်တက်ခြင်း အနာအမျိုးမျိုးဖြစ်ပွားခြင်းတို့အတွက် ဆေးစွမ်းထက်ဆုံး စိန်ငါးလုံး လိမ်းဆေးရည်ကိုသုံးစွဲပါ

၀၉ ၇၃၁၅၅၃၅၇ K လှထုဆေးဆိုင် ၊ ၂၄ လမ်း ၊ ရန်ကုန်မြို့။
၀၉ ၄၂၁၀၄၀၀၈၅ ကိုဝင်းမြင့်ဆေးဆိုင် ၊ ၁၅ လမ်းထိပ် ၊ ရန်ကုန်မြို့။

**"ကန့်ကွက်နိုင်ကြောင်းကြေညာချက်"**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀ ၊ မြေကွက်အမှတ်-၂၃၈၊ ဧရိယာ-၄၀ပေx၆၀ပေ၊ အမည်ပေါက်-ဦးစောဝင်း(AB-၀၃၂၈၆၀)(၁၂/ကမရ(နိုင်)၀၄၂၃၁၀)ဖြင့် မှတ်သားထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဝင်းမောင်လမ်း အမှတ်(၃၁)ဟုခေါ်တွင်သော အိမ်(၂)လုံး အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိ ပိုင်ဆိုင်သူက မိမိတရားဝင် ပိုင်ဆိုင်ကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသဖြင့် ၎င်းထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်မှ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော တရားဝင် အထောက်အထားမှုရင်းများဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ထက်ထက်လင်း (၁၂/တကန(နိုင်)၁၄၀၈၅၃)
အမှတ်- ၁၁၀၊ အင်ကြင်းလမ်း၊ ကျွန်းစဉ်သာရပ်ကွက်၊
ဥက္ကလာပမြို့ တိုက်ကြီးမြို့နယ်၊ ရန်ကုန်မြို့။

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

PRO 1 HOME CENTER

PRO 1 ၏ တတိယမြောက် ဆိုင်ခွဲဖြစ်သော **PRO 1 (SATSAN Branch)** အား **20.2.2016** တွင် ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**TOTO**
Hein Investment Ltd.

# သီတာ
## အာမခံစိန်ရွှေရတနာဆိုင်

( ၂၁ ) နှစ်ပြည့်အထိမ်းအမှတ် အထူးအစီအစဉ်
( 1 - 3 - 2016 မှ 11 - 3 - 2016 အထိ )





မိတ်ဟောင်း / မိတ်သစ်များအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် သီတာ ရွှေဆိုင် ( ၃ )ဆိုင် လုံးတွင် ကံစမ်းမဲများ ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သီတာရွှေဆိုင် မှ ဝယ်ယူထားသော ပစ္စည်းများအား သီတာရွှေဆိုင်( ၃ )ဆိုင်လုံးတွင် မည်သည့်ဆိုင်တွင်မဆို အောင်ချာနှင့် တကွလဲလှယ်ရောင်းချနိုင်ပါသည်။

ဆိုင်ခွဲ (၁) - အမှတ် (၁၀၃၅)၊ သုမင်္ဂလာလမ်းမကြီး၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ (အင်းသုမှတ်တိုင်အနီး)
ဖုန်း (၀၁) - ၂၃၃၂၄၆၄

ဆိုင်ခွဲ (၂) - အမှတ် (၉၃၀)၊ (၁)လမ်း၊ လေးထောင့်ကန်လမ်းမကြီး၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (စံပြဈေးမှတ်တိုင်အနီး)
ဖုန်း (၀၁) - ၅၇၉ ၃၅၄၊ ၈၅၅၀၀၁၇

ဆိုင်ခွဲ (၃) - အမှတ် (၃၃)၊ လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းဈေးကြီးရှေ့၊ (ဆ/က) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း (၀၁) - ၈၅၅၀ ၆၀၁

# YOUR PROJECT PARTNER

GRAND STYLE

Is the leading construction material store in Myanmar. We are providing product range cover more than 1,200 items for both small scale construction until mega project with complete services as one stop shopping.







GRAND STYLE | Lighthouse every moment | GRAND | FOX

Thiri Yadanar Wholesale Market Compound
Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon.
Building : G3, Room No. 46-52 သီရိရတနာ လက်ကားဈေးဝင်း သုဓမ္မာလမ်း အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

TEL +95-1-1224217, +95-9-5088488
GrandStyleMM
www.grandstylemm.com


ဆလုံပွါစ်®
Salonpas®
ကြွက်သားနှင့် အဆစ်အမြစ်နာကျင်ကိုက်ခဲမှုများကို လျော့ပါးသက်သာစေမည့်
ဂျပန်နိုင်ငံ၏ နံပါတ်တစ် ပလာစတာ
အသစ်
Salonpas®
10 PATCHES
Added Vitamin E
Pain Relieving Patch
10 PATCHES
6.5cm×4.2cm
● ကြွက်သားနာကျင်ကိုက်ခဲခြင်း
● အဆစ်ရောင်နာ
● သာမန် ကျောအောင့်ခြင်း
● အကြောတင်ခြင်း
တို့နှင့် တွဲဖက်နေသည့်
နာကျင်ကိုက်ခဲမှုများ၊ ရောင်ရမ်းမှုများ
သက်သာပျောက်ကင်းစေရန်အတွက်
ဆလုံပွါစ်®
Salonpas®
Hisamitsu®
Licensed by
Hisamitsu Pharmaceutical Co., Inc.
JAPAN SAGA TOSU
Manufactured by
Hisamitsu Vietnam Pharmaceutical Co., Ltd.
No.14-15 2A Street, Bien Hoa II Industrial Zone
Bien Hoa City, Dong Nai Province, Vietnam
Myanmar Registration No.2002AA8289
• အသုံးပြုရလွယ်ကူခြင်း
• ကြာရှည်စွာ အသုံးပြုနိုင်ခြင်း
• စေးကပ်မှု၊ ပေကျံကပ်ငြိမှု မရှိခြင်း
ပရွတ်ဆီနှင့် ခရင်မ်များထက် ကောင်းမွန်သောပလာစတာ၏
အကျိုးကျေးဇူးများ
• အလုပ်ရှုပ်ခြင်းမရှိစေဘဲ အသုံးပြုရလွယ်ကူပါတယ်။
• သင့်လက်နှင့် အကျီများကို ပေကျံကပ်ငြိခြင်း မရှိပါဘူး။
• ၈ နာရီကြာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။
ပါဝင်တဲ့ပစ္စည်းတွေက
နာကျင်ကိုက်ခဲမှုဝေဒနာကို ခံစားနေရတဲ့နေရာတစ်ဝိုက်ကို
တိုက်ရိုက်စိမ့်ဝင်သွားစေပါတယ်။
ခါးနာခြင်း၊ ကျောအောင့်ခြင်း
ပခုံးကြွက်သားများတောင့်တင်းနာကျင်ခြင်း
ခြေဖဝါးများနာကျင်ကိုက်ခဲခြင်း
ခြေသလုံးကြွက်သားများနာကျင်ကိုက်ခဲခြင်း
Hisamitsu®

# အထက်ကျိုင်းတောင်းစီမံကိန်းမှာလုပ်နေတဲ့ ကုမ္ပဏီခြောက်ခုကို Limited Tender ခေါ်တာဖြစ်ပြီး တစ်ခုတည်း လက်သိပ်ထိုးတာမရှိပါဘူး

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့် တွေ့ဆုံမေးမြန်းခြင်း**

**လျှပ်စစ်ဓာတ်အားကို အရင်းအမြစ်မျိုးစုံအသုံးပြုပြီး ထုတ်လုပ်နေမှု၊ သံလွင်မြစ်ပေါ်တွင်ဆောင်ရွက်မည့်စီမံကိန်းများ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ပြည်သူများ သိရှိနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည် -**

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

# လမ်းမကြီးတွေကိုလည်း ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွား အစရှိသဖြင့် စံနှုန်းနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ရန်ကုန်မြို့သစ်စီမံကိန်း အောင်အောင်မြင်မြင်ဖြစ်ထွန်းခဲ့ရင် ပြည်သူတွေအကျိုးအများကြီး ခံစားရမှာပါ...

**ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးနှင့် တွေ့ဆုံမေးမြန်းခြင်း** စာမျက်နှာ-၅



# မန်းရွှေစက်တော်ဘုရားကို စိတ်နှလုံးချမ်းမြေ့စွာဖြင့် ဖူးမြော်ကြည်ညိုနိုင်

**မင်းဘူး ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်နေ့မှစ၍ နှစ်လကြာ ရက်ရှည်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ထိုသို့ ဘုရားပွဲတော် အေးချမ်းပျော်ရွှင်ချမ်းမြေ့စွာ ကျင်းပလျက်ရှိရာမှ လူမှုကွန်ရက်စာမျက်နှာများတွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် မင်းဘူးမြို့ စိုးရိမ်ရေအမှတ်အထိ မြင့်တက်လာနိုင်ကြောင်းနှင့် ဆက်စပ်၍ ဧရာဝတီမြစ်ရေမှတစ်ဆင့် မန်းချောင်းအတွင်း ဝင်ရောက်ကာ မန်းရွှေစက်တော်ဘုရား ရေလွှမ်းမိုးနိုင်သည့် အနေအထားအထိ ရေးသားဖော်ပြလာကြသည်ကို တွေ့ရသည်။

မန်းရွှေစက်တော်သို့ စီးဆင်းလျက်ရှိသော မန်းချောင်းရေသည် ရခိုင်ရိုးမမှတစ်ဆင့် စတင်စီးဆင်းလာပြီး ငဖဲမြို့နယ် ကျောင်းကုန်းကျေးရွာအနီးတွင် ရေဆင်းဧရိယာ ၁၃၆ စတုရန်းမိုင်ရှည်လျားသော ရေလှောင်ပမာဏ ဧကပေ ၁၂၀၀၀၀ ရှိ မန်းချောင်းရေလှောင်တမံဖြင့် သိုလှောင်ထားရှိပြီး လက်ဝဲ/လက်ယာမြောင်းမကြီးများနှင့် မန်းချောင်းအတွင်းသို့ ရေများဖြန့်ဝေပေးလျက်ရှိသည်။ လက်ဝဲ/လက်ယာမြောင်းမကြီးများမှ နွေစပါးဧက ၁၅၆၀ စိုက်ပျိုးနိုင်ရန် ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ ရေများလွှတ်ပေးလျက်ရှိပြီး အလယ်ပေါက်မှ မန်းရွှေစက်တော်ဘုရားပွဲတော်မှတစ်ဆင့် အိုင်မဆည်သို့ နွေနှမ်း ဧက ၁၄၀၀၀ စိုက်ပျိုးနိုင်ရန် ရေများလွှတ်ပေးလျက်ရှိသည်။ လက်ဝဲ/ လက်ယာမြောင်းမကြီးများမှ ၅၀ ကုဗပေ/စက္ကန့်နှင့် အလယ်ပေါက်မှ ၁၀၀ ကုဗပေ/စက္ကန့် စုစုပေါင်း ၁၅၀ ကုဗပေ/စက္ကန့် ရေများထုတ်လွှတ်ပေးလျက်ရှိရာ ငဖဲမြို့နယ်နှင့် မင်းဘူး(စကု )မြို့နယ်အတွင်းရှိ တောင်သူများ နွေစပါးနှင့် နွေနှမ်းတို့ကို စိုက်ပျိုးနိုင်ရန် ထွန်ရေးပြင်ဆင်ပျိုးထောင်နေလျက်ရှိကြသည်။

မန်းချောင်းတမံဟာ ကန်ရေပြည့်ရေလှောင်ပမာဏ စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

# Horizon အသင်း ရှုံးပွဲဆက်

**သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်**

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈)ပထမနေ့ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ကျင်းပရာ ချင်းယူနိုက်တက်အသင်းက Horizon အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရမှတ်လေးမှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် Horizon အသင်းမှာ နိုင်ပွဲပြန်လည်ရရှိရေးကြိုးပမ်းခဲ့သော်လည်း လေးပွဲဆက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ချင်းယူနိုက်တက်အသင်းမှာ အသင်းကြီးများထံမှ အမှတ်ခွဲယူနိုင်ခဲ့သလို ယခုပွဲတွင် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သော်လည်း ခြေစွမ်းပြကစားနိုင်ခြင်းမရှိခဲ့ပေ။ ချင်းယူနိုက်တက်အသင်းမှာ ဒုတိယမြောက်နိုင်ပွဲကြောင့် ရမှတ်ရှစ်မှတ်အထိ ရရှိလာခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ပထမပိုင်းတွင် Horizon အသင်းက ကစားပုံပိုကောင်းကာ ဖိကစားနိုင်ခဲ့သည်။ ချင်းယူနိုက်တက်အသင်းမှာ ပထမပိုင်းတွင် ကစားကွက်တည်မရဖြစ်နေပြီး ထိရောက်သည့် ဂိုးသွင်းခွင့်မရရှိခဲ့ပေ။ Horizon အသင်းမှာ ဂိုးရနိုင်သည့် အခွင့်အရေးရသော်လည်း အသုံးမချနိုင်ခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင်လည်း Horizon အသင်းက ခြေအသာဖြင့် ဆက်လက်ကစားပြီး ချင်းယူနိုက်တက်အသင်းမှာ စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖



Horizon နှင့် ချင်းယူနိုက်တက်တို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။

YCTC
Business Institute

Malaysia တက္ကသိုလ်ကြီးမှ တိုက်ရိုက်ပေးအပ်သော

MBA

From One of Malaysia's Top University in Myanmar

Duration : 18 months (Weekend Classes Only)

Installments Available!!



Enroll Now! March Intake

www.yctcinstitute.com
www.msu.edu.my

အမှတ်(၂၄) ယောမင်းကြီးလမ်း ၊ ဒဂုံမြို့နယ်။ (Park Royal Hotel အနီး)
09-420 1633 16, 09-254 2696 44

themirror.npt@gmail.com
www.facebook.com/themirrordaily